ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (2-11-2008) (၅၈၅၀)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

## ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော်　　နိုဝင်ဘာ　　၂**

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပမည့် "စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (၄)နိုင်ငံ (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး"နှင့် "တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး"တို့သို့ တက်ရောက်ရန် မကြာမီအတွင်း ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) စက်မှုဇုန်ရှိ Soe Electric & Machinery Co., Ltd. ၏ ထရန်စဖော်မာ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁)စက်မှုဇုန်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်

## စက်မှုဇုန်များရှိ စက်ရုံများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန်　　နိုဝင်ဘာ　　၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁)စက်မှုဇုန်၏ အမှတ်(၁) စက်မှုဇုန်လမ်းမကြီးရှိ Soe Electric & Machinery Co., Ltd. သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား အမှတ်(၁)စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးကျင်ထွန်းက အမှတ်(၁)စက်မှုဇုန်အတွင်းရှိ စက်ရုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဥက္ကဋ္ဌ ဦးစိုးတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ကူညီဖြည့်ဆည်းပေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Soe Electric & Machinery Co., Ltd. ၏ ထရန်စဖော်မာများ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ မှူဆယ်လမ်းရှိ Myanmar Paper Mill စက်ရုံ၏ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ချင်းပြည်နယ်၏မြို့တော် ဟားခါးမှ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများနှင့် ဒေသခံပြည်သူများ၏ ပီတိစကားသံများ

**သတင်း - တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ဌေးအောင် (ကြေးမုံ)**

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီး၌ ပြည်နယ်နှင့်တိုင်းအလိုက် မြို့ပြနှင့် ကျေးလက်မကျန် ကွာဟမှုလျော့နည်းစေရေးအတွက် ဟန်ချက်ညီညီ အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု အကျိုး ရလဒ်များကို တိုင်းရင်းသားပြည်သူများ ယခင်ခေတ်ကာလများနှင့်မတူ ရရှိခံစား နေပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမှု ပုံရိပ်မြင်ကွင်းများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်နိုင် ရန်နှင့် ဒေသခံပြည်သူများ၏ ဝမ်းမြောက်ပီတိစကားသံများကို မှတ်တမ်းတင်နိုင် ရန်အတွက် ကြေးမုံသတင်းအဖွဲ့သည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းမှ သွေးချင်းတို့ဌာနေ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁**



**ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း၏ လက်ဖက်စိုက်ခင်းတွင် ချင်းတိုင်းရင်းသူလေးများ လက်ဖက်ခူးဆွတ်နေစဉ်။**

အတည်ပြုချိန် ၃း၀၀

The Mirror

၂-၁၁-၂၀၀၈
(တနင်္ဂနွေနေ့)

# အိုင်အိုဒင်းဆား စားသုံးရေး တိုးမြှင့်ပညာပေး

နိုင်ငံတော်အစိုးရက ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ စီမံဖြည့်ဆည်းပေးနေသည်။

အာဟာရချို့တဲ့မှုလျော့နည်းရေး၊ပြည်သူများအတွင်းကျန်းမာရေးအထောက်အကူပြုသည့် စားသောက်ပုံဓလေ့ ထွန်းကားလာစေရေး၊ အာဟာရလွန်ကဲမှုနှင့်နှီးနွှယ်နေသည့်အဝလွန်ခြင်းနှင့်ဆီးချို၊သွေးချိုရောဂါ၊သွေးတိုးနှင့်နှလုံးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့မှုသည် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသည့်အကြောင်းရင်းတစ်ခုဖြစ်ရာအိုင်အိုဒင်းချို့တဲ့မှုကြောင့်ရောဂါမဖြစ်ပွားစေရေး သတိပြုကြရမည်ဖြစ်သည်။ အိုင်အိုဒင်းဓာတ်ချို့တဲ့သောလူကြီးများတွင် လည်ပင်းကြီးရောဂါနှင့် သွက်လက်ဖျတ်လတ်မှုမရှိခြင်း၊ထုံထိုင်းနှေးကွေးခြင်းစသည့်ရောဂါများဖြစ်နိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များတွင် အိုင်အိုဒင်းအာဟာရဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ခြေလက်မသန်စွမ်းသောကလေးနှင့်ဆွံ့အနားမကြားသောကလေးများမွေးဖွားတတ်ကြောင်းသိရသည်။ကလေးသူငယ်များ၌ အိုင်အိုဒင်းအာဟာရဓာတ် ချို့တဲ့ပါက ခန္ဓာကိုယ်စံချိန်မီမကြီးထွားခြင်း၊သေးကွေးပုညက်ခြင်း၊ဉာဏ်ထိုင်းခြင်းနှင့်လည်ပင်းကြီးရောဂါများ ဖြစ်ပွားတတ်သည်။

ထို့ကြောင့် အိုင်အိုဒင်းဓာတ်ပါဝင်သော အစားအစာများကို နေ့စဉ်စားသုံးရန်လိုအပ်သည်။အထူးသဖြင့်ပင်လယ်ထွက်အပင်များ၊ ပင်လယ်ငါး၊ပင်လယ်ပုစွန်၊သစ်သီးဝလံ၊ဟင်းသီးဟင်းရွက်၊ကောက်ပဲသီးနှံနှင့် အိုင်အိုဒင်းဆားတို့ကို နေ့စဉ် စားသုံးကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနကတစ်နိုင်ငံလုံးတွင်အိုင်အိုဒင်းဆားကို ကျယ်ကျယ်ပြန့်ပြန့်စားသုံးလာစေရေးအတွက် လွန်ခဲ့သော၁၅နှစ်ခန့်မှ စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အိုင်အိုဒင်းဆား စားသုံးမှုရာခိုင်နှုန်း ၉၀ ကျော် ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာကျန်းမာရေးဦးစီးဌာနနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍အိုင်အိုဒင်းဆားစားသုံးရေးတိုးမြှင့်ပညာပေးဆောင်ရွက်ခြင်း၊ အရည်အသွေးမီ အိုင်အိုဒင်းဆားများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မိသားစုတိုင်း အသက်အရွယ်မရွေး အိုင်အိုဒင်းဆားနေ့တိုင်းစားသုံးကြခြင်းတို့ဖြင့် လူတိုင်းကျန်းမာကြံ့ခိုင် ဉာဏ်ရည်မြင့်မားကြမည် ဖြစ်ပါသည်။ ။

## မုဒုံမြို့နယ်အသင်း(ရန်ကုန်) (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏(၁၁)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဒီဇင်ဘာ ၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အသက် ၈၀နှင့်အထက်ရှိသူ အသင်းဝင်များ၊ အဘိုး၊အဘွားများ၊ မိဘများ၊ ပါရဂူဘွဲ့ရရှိသူ အသင်းဝင်များ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသော အသင်းဝင်များ၏ သား၊သမီးများ၊ နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး(ဗဟို) အဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားအဖြစ် အရွေးချယ်ခံရသူများသည် အထောက်အထားများပူးတွဲ၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း)ဖုန်း-၅၈၅၃၀၂ နှင့် ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ အတွင်းရေးမှူး ဦးအောင်လှထူး ဖုန်း-၅၃၇၃၆၉၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း-၀၉၅၁၃၄၉၀၂၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄ နှင့် ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁၊ စာရင်းစစ် ဦးသန်းလွင် ဖုန်း-၂၉၄၃၅၉နှင့် နီးစပ်ရာ အမှုဆောင်များထံ နိုဝင်ဘာ ၁၇ရက်(တနင်္လာနေ့) နောက်ဆုံးထား ဆက်သွယ်စာရင်းပေးပို့ကြရန်နှင့် ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်ရာ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှိုးဆော်ထားသည်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang (Yunan ) United Hydropower Developing Co., Ltd.(DUHD) မှ President, Mr. Wu Jing နှင့်အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံကြပြီး**(ဓါတ်ပုံ)** တာပိန်(၁) ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့သဃ်န်းကျွန်းပညာရေးကောလိပ် ပညာနေခြည်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် ပညာရေးလုပ်ငန်းအဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်မင်းသက်မွန်က 'ဆရာဆိုသည်မှာ'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါက်တာ ဒေါ်ထူးထူးအောင်က 'ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်ဆရာ၊ဆရာမများ၏ အခန်းကဏ္ဍ'ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲတွင် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်ထံ သဃ်န်းကျွန်းပညာရေးကောလိပ်သင်တန်းသူများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်စဉ်။** (ပညာရေး)

### လက်ခံ

ထို့နောက် သဃ်န်းကျွန်းပညာရေးကောလိပ် သင်တန်းသူများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၃၀၀ ကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ပေးအပ်ရာ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်က လက်ခံသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် သဃ်န်းကျွန်းပညာရေးကောလိပ်သင်ကြားမှု အထောက်အကူပြုပစ္စည်းများပြခန်းကိုလှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကရာတေးဒိုအားကစားနည်း နည်းစနစ်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့ကကြီးမှူး၍ ကရာတေးဒိုအားကစားနည်း - နည်းစနစ်သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။

### — ရှင်းလင်းပြောကြား —

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးကျော်မင်းက ကျေးဇူးတင်စကားပြောကြားပြီးမြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိုးဝင်းက ကရာတေးဒို အားကစားနည်း-နည်းစနစ်များကိုရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ရက် ညနေ ၃နာရီက ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် ဗိုင်အမ်ဘီအေခန်းမ၌ ကျင်းပရာ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးကလုံခြုံရေး၊ သတင်းရယူရေးနှင့် မှုခင်းကျဆင်းရေး ပညာပေး ဆွေးနွေးဟောပြောကြောင်းသိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)





### သင့်သွေးဖြင့် အသက်ကယ်ပါ

## လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူဒါနပြုမည်

**ရန်ကုန် နိုဝင်ဘာ ၁**

လက်ပံတန်းအသင်းဝင်သူအားလုံးနှင့် မဝင်ရသေးသူများ အပါအဝင် လက်ပံတန်းသူ၊ လက်ပံတန်းသားအားလုံး စုပေါင်း အလှူဒါနပြုပွဲကို နိုဝင်ဘာ ၈ ရက် (စနေနေ့) နံနက် ၉နာရီတွင်ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိစင်ကာပူတိုက်သစ်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

✳ **ရှေ့ဖုံးမှ**

အသုံးပြုပြီးစက္ကူများမှ စက္ကူအညို ပြန်လည်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ ဟားခါးလမ်းရှိ Myint Shwe Wah Industry Co., Ltd. ၏ ပလတ်စတစ် တံဆိပ်ရိုက် ထုတ်လုပ်မှုလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ရှိ ပေါ်ပြူလာ ပလတ်စတစ်စက်ရုံကို တွေ့ရစဉ်။**
(သတင်းစဉ်)




## ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိကြပြီး ကနောင်ခန်းမ၌ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ရှိ စက်ရုံများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဦးထွန်းညိုလမ်းရှိ Classic Home Co., Ltd. ၏ ကြိမ်ထည် ပရိဘောဂများနှင့် ကြိမ်အစားထိုး ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ယောအတွင်းဝန်ဦးဘိုးလှိုင်လမ်းရှိ SOGO Electrical Industry ၏ လျှပ်စစ်ပစ္စည်းများထုတ်လုပ်နေမှုနှင့် ပေါ်ပြူလာ ပလတ်စတစ် စက်ရုံ၏ ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

## ထရန်စဖော်မာထုတ် စက်ရုံ

**ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁)စက်မှုဇုန်ရှိ Soe Electric & Machinery Co., Ltd. ၏ ထရန်စဖော်မာ ထုတ်လုပ်သည့်စက်ရုံကို တွေ့ရစဉ်။**
(သတင်းစဉ်)




❁ **ချင်းပြည်နယ်မှ**

ချင်းပြည်နယ်တစ်ဝန်းသို့ အရောက်သွားကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုများကို အများပြည်သူလူထု သိရှိနိုင်ရန် တင်ပြလိုက်ပါသည်။

ချင်းပြည်နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ တစ်သောင်းခန့် မြင့်မားမတ်စောက်သော တောင်တန်းချိုင့်ဝှမ်းများဖြင့် ဖွဲ့စည်းတည်ရှိသော ဒေသဖြစ်သည့်အလျောက် မြေပြန့် အလွန်ပင်နည်းပါးလှသည်။

မြို့နယ်ပေါင်း ကိုးမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၇၂ စု၊ ကျေးရွာပေါင်း ၁၃၉၀၊ လူဦးရေ ၅၂၀၀၀၀ ကျော် နေထိုင်သောကြောင့် လူဦးရေ ကျဲပါးသည့် ပြည်နယ်တစ်ခု ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့သည့် ချင်းပြည်နယ်၏ မြို့တော် ဟားခါးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၁၂၀ အမြင့်တွင် ရှိသော မြို့တစ်မြို့ဖြစ်သည်။ မြို့ကိုတောင်များ ဝန်းရံထားသော မြေပြန့်လွင်ပြင်ငယ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်ကို တွေ့မြင်ရသည်။

မြို့အဝင် ကုန်းမြင့်ထက်မှ တက်ကြည့်ပါက တောင်များ ဝန်းရံနေသော မြို့ပြအဆောက်အအုံများကို အစီအရီ တွေ့မြင်ရမည်ဖြစ်သည်။ မြူခိုးဝေဝေ တိမ်ခြေဆိုင်းဆိုင်း ဆိုသည့်နှယ် နံနက် ၈ နာရီခန့်တွင် တွေ့မြင်ရသည့် ဟားခါးမြို့၏ အလှမှာ တောင်ဇလပ်ပင်နှင့် ထင်းရှူးပင်တို့အကြား အေးချမ်းတည်ငြိမ် သာယာလှပလျက်ရှိသည်။

ရောက်ရောက်ချင်းပင် မြို့တစ်ပတ်ပတ်ကြည့်ရာ သစ်လွင်သောတိုက်တာ အဆောက်အအုံများ၊ သန့်ရှင်းသပ်ရပ်သော ဈေးကြီးနှင့် ဝန်းကျင်တစ်လျှောက် ရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ကားနေသော ဆိုင်ငယ်များ၊ စာသင်ကျောင်းများ၊ ဆက်သွယ်ရေး အဆောက်အအုံ၊ သာသနိက အဆောက်အအုံများ၊ တိုက်နယ်ဆေးရုံအပြင် တည်ဆောက်ဆဲ ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးတို့က သူ့နေရာနှင့်သူ မြို့အင်္ဂါရပ်နှင့်အညီ အစီအရီ တည်ရှိနေသည်ကို တွေ့မြင်ရသည်။

နွားနောက် မွေးမြူရေးခြံများ၊ လယ်ယာစိုက်ပျိုးရေးဌာန၏ ကျောသုတ် လက်ဖက်စိုက်ပျိုးရေးခြံနှင့် ပုဂ္ဂလိက လက်ဖက်စိုက်ပျိုးရေးခြံများကို ချင်းပြည်နယ် အဓိကစီးပွားရေးလုပ်ငန်းများ၏ပြယုဂ်အဖြစ် တွေ့မြင်ခဲ့ရသည်။

**စည်ကားလျက်ရှိသော ဟားခါးမြို့တွင်း တစ်နေရာကို တွေ့ရစဉ်။**

ခရီးလမ်း ဆက်သွယ်မှုအနေဖြင့် ယခင်ကာလက မိမိသွားလိုသည့် ခရီးတစ်ခုကို ကြုံရာကားဖြင့် ဖြစ်သလိုလိုက်ခဲ့ရပြီး လမ်းမကောင်း၍ လမ်းတွင် နှစ်ည၊ သုံးည အိပ်ခဲ့ရသော်လည်း ယခုအခါ ဟားခါးမှ ကလေးမြို့သို့ ခရီးသည်တင် ကားနှစ်စီး၊ ထန်တလန်သို့ ကားနှစ်စီးတို့အပြင် မန္တလေးမြို့သို့ ခရီးသည်တင် ကားတစ်စီးနေ့စဉ်ပုံမှန် ပို့ဆောင်ပေးနေသည်။ ကလေး၊ ထန်တလန်၊ မန္တလေး မြို့တို့မှ နေ့စဉ် အဝင်အထွက်ရှိသည့်အတွက် သွားလာမှုလည်း အဆင်ပြေကြောင်း သိရသည်။

မိမိတို့ သတင်းအဖွဲ့ ရောက်ရှိနေစဉ်မှာပင် ပြည်နယ်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲနှင့် တင်းနစ်ပြိုင်ပွဲများ ကျင်းပနေသည်နှင့် ကြုံတွေ့ခဲ့ရာ အားကစား ဝါသနာရှင်များဖြင့် အားကစားကွင်း အတွင်း အပြင် စည်ကားနေသည်ကို တွေ့ခဲ့ရသည်။

မြို့တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပြင် မိသားစု တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ထုတ်လုပ်မှုများကြောင့် ၂၄ နာရီ ကာလပတ်လုံး လျှပ်စစ်မီး လင်းလျက်ရှိသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

မြို့ထဲသို့ လှည့်ပတ်ကြည့်ရင်း မြို့ခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောခွင့် ကြုံခဲ့ရာ ဈေးဟောင်းရပ်ကွက်မှ မြို့ခံ ချင်းအမျိုးသားကြီး



**"အရင်တုန်းက ဟားခါးဆိုတာ ရွာသာသာပဲရှိတာ၊ အခုတော့ တိုက်တာ အဆောက်အအုံတွေ၊ ကတ္တရာလမ်းတွေ၊ လျှပ်စစ်မီးတွေနဲ့ အရင်ကနဲ့ ဘာမှမဆိုင်တော့ ပါဘူးကွယ်"**

*ဦးတီာလ်ဒွမ်*
*ဈေးဟောင်းရပ်ကွက်မှ*
*ချင်းအမျိုးသား*

ဦးတီာလ်ဒွမ်က "ဒို့အသက် (၇၀) ကျော်ပြီကွယ့်၊ ကွာတာကတော့ အများကြီးပဲ၊ အရင်တုန်းက ဟားခါးဆိုတာ ရွာသာသာပဲ ရှိတာ၊ အခုတော့ တိုက်တာအဆောက်အအုံတွေ၊ကတ္တရာလမ်းတွေ၊ လျှပ်စစ်မီးတွေနဲ့။ နောက်ပြီး ဆေးရုံသစ်ကြီးလဲ ဆောက်နေတော့ ကျန်းမာရေးကအစ မြို့သူ၊ မြို့သားတွေ မပူပင်ရတော့ဘူး။ အခြားသွားစရာလဲ မလိုတော့ဘူး။ ပညာရေးလဲ အခုဘက်ပိုင်းမှာ ဂုဏ်ထူးတွေနဲ့ အောင်ကြပြီး ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေဆိုလည်း ဒို့မြို့က ပေါ်ထွက်ခဲ့ပြီ။ တကယ့်ကို အရင်ကနဲ့ ဘာမှမဆိုင်တော့ပါဘူးကွယ်"ဟု စိတ်ရှည်လက်ရှည် ပြောပြလာသည်ကို ကြားခဲ့ရသည်။

ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ကုန်မျိုးစုံဆိုင် ဖွင့်ထားသော ချင်းအမျိုးသမီးကြီး ဒေါ်ထာချင်ကလည်း "ဒို့မြို့ကလေးက အခုဆို အလွန်အေးချမ်းတာကွယ့်။ အရောင်းအဝယ်လေးလဲ မဆိုးလှပါဘူး။ အခု သွားရေးလာရေး အဆင်ပြေသွားတော့ ပိုပြီးကောင်းလာတာပေါ့"ဟု စိတ်ရင်းအတိုင်း ချင်းသံဝဲဝဲလေးဖြင့် ပြောကြားသည့်အတွက် ဝမ်းမြောက်ပီတိဖြင့် ပြုံးလိုက်မိသည်။



**ဒီမြို့လေးက အခုဆို အလွန်အေးချမ်းတာကွယ့်၊ သွားရေးလာရေး အဆင်ပြေသွားတော့ ပိုပြီးကောင်းလာတာပေါ့"**

*ဒေါ်ထာချင်*
*ချင်းအမျိုးသမီး*

ချင်းပြည်နယ် ဟားခါးမြို့သည် ယခင်ခေတ်ကာလများနှင့်မတူ ဖွံ့ဖြိုးတိုးတက်လာသည့်အပြင် နိုင်ငံ့ခေါင်းဆောင်များ အစဉ်မပြတ်ရောက်ရှိ ညွှန်ကြားမှုကြောင့် လက်ဖက်နှင့် နွားနောက် စိုက်ပျိုးမွေးမြူရေးကို ဒေသစီးပွားရေးအဖြစ် စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကြိုးပမ်းဆောင်ရွက်နိုင်သည်နှင့်အမျှ မများမကြာမီသော အချိန်အတွင်း ဒေသစီးပွားကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာတော့မည့် မြို့တစ်မြို့အဖြစ် ရှုမြင်ခံစား တင်ပြလိုက်ရပါသည်။

**လက်ဖက် ပြခန်းအားလာရောက် လေ့လာနေသူများကို တွေ့ရစဉ်။**







အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းကန်ဒါဟာဒေသတွင်စစ်ဘက်ယာဉ်တန်းအားကားဗုံးဖြင့်တိုက်ခိုက်ပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရန်နိုင်ငံသားများ အမေရိကန်ကို လွန်စွာမုန်းတီးသည်ဟုဆို

**တီဟီရန် နိုဝင်ဘာ ၁**

အီရန်နိုင်ငံ၏ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီက အီရန်နိုင်ငံသားများသည် အမေရိကန်ပြည်ထောင်စုအား အရိုးစွဲအောင် မုန်းတီးကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခြင်းကို ဖားစ်သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အမေရိကန်သံရုံးအား ဝင်ရောက်သိမ်းပိုက်သော နိုဝင်ဘာ ၄ ရက်နေ့ကို အကြိုနေ့အဖြစ် စုဝေးလျက်ရှိကြသော ကျောင်းသားများအား ခါမေနီက မိန့်ခွန်း ပြောကြားရာတွင် အထက်ပါစကားများကို ပြောကြားခြင်း ဖြစ်သည်။ လွန်ခဲ့သောနှစ် ၅၀ အတွင်းက အီရန်နိုင်ငံအား ဆန့်ကျင်သော အကြံအစည်ပေါင်း အများအပြား စီစဉ်ခဲ့သည့် အမေရိကန်တို့အား အီရန်ပြည်သူတို့က လွန်စွာမုန်းကြသည်ဟု ထည့်သွင်းပြောခဲ့သည်။

"သူလျှိုအသိုက်"ဟု တင်စားခေါ်ဝေါ်ကြသည့် အမေရိကန်သံရုံးကို အီရန် ကျောင်းသားများက ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဝင်ရောက်စီးနင်းပြီး သံရုံးဝန်ထမ်းများကို ရက်ပေါင်း ၄၄၄ ရက်မျှ ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။

အီရန်နှင့် အမေရိကန်တို့၏ ဝိရောဓိသည် နိုင်ငံရေးအမြင်ကွဲပြားခြားနားခြင်းထက် ပိုမိုနက်ရှိုင်းသည်ဟု ခါမေနီက ပြောကြားသည်။ အစ္စလာမ့်တော်လှန်ရေး ပေါ်ပေါက်လာပြီးနောက်အီရန်နိုင်ငံသည်အရှေ့အလယ်ပိုင်းဒေသတွင် ၎င်းတို့၏ အဓိကခြေကုပ်မဖြစ်နိုင်တော့မှန်း အမေရိကန်တို့ သဘောပေါက်ခဲ့ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံ၏ လွတ်လပ်ခြင်းနှင့် ဂုဏ်သိက္ခာ တိုးတက်လာခြင်းကို အမေရိကန်ပြည်ထောင်စုကမည်သည့်အခါမျှ တားဆီးနိုင်မည် မဟုတ်ဟု အီရန်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် ခါမေနီက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ဗုံး ၁၁ လုံးဆက်တိုက်ပေါက်ကွဲ လူ ၇၀ ကျော် သေဆုံး၊ ၃၃၅ ဦး ဒဏ်ရာရ

**ဂူဝါဟာတီ( အိန္ဒိယ) နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ အာသံပြည်နယ်၏ မြို့တော်နှင့် အခြားမြို့သုံးမြို့တွင် ကြာသပတေးနေ့က ဗုံး ၁၁လုံး အစဉ်လိုက်ဆက်တိုက်ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၇၁ ဦး သေဆုံးပြီး ၃၃၅ ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုဗုံးဖောက်ခွဲခြင်းများကို မည်သည့်အဖွဲ့က စီစဉ်ဆောင်ရွက်ကြောင်း ကြေညာခြင်းမရှိသေးပေ။ လုံခြုံရေးဆန်းစစ်ဝေဖန်သူများက အဖွဲ့များသည် ညှိနှိုင်းလုပ်ဆောင်ကြဖွယ်ရာ ရှိသည်ဟုပြောသည်။ အာသံပြည်နယ်တွင် ခွဲထွက်ရေးသူပုန်များ ဆယ်စုနှစ်ပေါင်းများစွာ ရှိနေခဲ့ကြသည်။ မကြာမီဗုံးခွဲတိုက်ခိုက်မှုများ ခံခဲ့ရသည်ဟု ဆိုသည်။ ယင်းတိုက်ခိုက်ခြင်းများကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အစ္စလာမ့်စစ်သွေးကြွများအား အပြစ်တင်သည်။ ကြာသပတေးနေ့က ဗုံးပေါက်ကွဲခြင်းများသည် ပြည်နယ်အတွင်းရှိ လူစည်ကားသော ဈေးများအတွင်းတွင်ဖြစ်ပြီး ဗုံးအများစုမှာ မော်တော်ဆိုင်ကယ်များအတွင်း ဝှက်ထားကြခြင်းဖြစ်သည်။

မီးသတ်သမားများသည် ဂူဝါဟာတီ ဗုံးကွဲရာနေရာတစ်နေရာတွင် တငွေ့ငွေ့လောင်ကျွမ်းနေသော ကားများနှင့် မော်တော်ဆိုင်ကယ်များကို ရေဖျန်းငြိမ်းသတ်ခဲ့ကြသည်။ ထိုဗုံးများထဲမှ တစ်ခုသောဗုံးသည် လုံခြုံရေးတင်းကျပ်သော တရားရုံး၊ အစိုးရရုံးများနှင့် ထိပ်တန်းရဲတပ်ဖွဲ့ အကြီးအကဲ၏နေအိမ်များကို ပစ်မှတ်ထား ခွဲခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***




# အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၁၈၉ ဦး ရှိသွားပြီ

**ဝါရှင်တန် နိုဝင်ဘာ ၁**

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ်စတင်ကျူးကျော်သည့်အချိန်မှ ၂၀၀၈ခုနှစ်အောက်တိုဘာ ၃၀ရက်အထိ ကာလအတွင်း သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၄၁၈၉ ဦး ရှိသွားပြီဖြစ်ကြောင်း စစ်ဘက်က ထုတ်ပြန်သည်။

ထိုသေဆုံးမှုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားဝန်ထမ်းရှစ်ဦးလည်း ပါဝင်သည်။ သေဆုံးရသူများအနက် ၃၃၈၈ ဦးသည် ရန်လိုသော ဆန့်ကျင်တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

ဖော်ပြပါကာလအတွင်း အပေါင်းပါတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များလည်း အီရတ်တွင် အသက်ဆုံးရှုံးကြရသည်။ ဗြိတိသျှတပ်ဖွဲ့မှ ၁၇၆ ဦး၊ အီတလီမှ ၃၃ ဦး၊ ယူကရိန်းမှ ၁၈ ဦး၊ ပိုလန်မှ ၂၁ ဦး၊ ဘူလ်ဂေးရီးယားမှ ၁၃ ဦး၊ စပိန်မှ ၁၁ ဦး၊ ဒိန်းမတ်မှခုနစ်ဦး၊ အယ်လ်ဆာဗေဒိုမှ ငါးဦး၊ စလိုဗက်ကီးယားမှ လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာမှ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားတို့မှနှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များမှ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

***အင်တာနက်။***

ကြေးမုံ နိုင်ငံခြား သတင်းများ



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသော အစိုးရအဆောက်အအုံရှေ့တွင် ရှာဖွေစစ်ဆေးနေကြသော လုံခြုံရေးတပ်ဖွဲ့များအား အောက်တိုဘာ ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်ရှိ အမေရိကန်တပ်ဖွဲ့အားလုံး ၂၀၁၁ ခုနှစ်အရောက်တွင် ထွက်ခွာသွားစေလို

**ဘဂ္ဂဒက် နိုဝင်ဘာ ၁**

အီရတ်နိုင်ငံတွင် ရှိနေသောအမေရိကန် တပ်ဖွဲ့များကို ၂၀၁၁ ခုနှစ် အရောက်တွင်အားလုံးထွက်ခွာသွားစေလိုပြီး အီရတ်နယ်မြေပေါ်တွင် ရှိနေသော အမေရိကန်တပ်ဖွဲ့များကိုလည်း အီရတ်ဥပဒေစိုးမိုးမှုအောက်တွင်ရှိစေလိုသည်ဟု အီရတ်ဝန်ကြီးချုပ်က အောက်တိုဘာ၃၀ရက်တွင်ပြောကြားသည်။

အမေရိကန်နှင့်အီရတ်တို့၏ လုံခြုံရေးသဘောတူညီချက်တွင်အထက်ပါအချက်များပြင်ဆင်လိုကြောင်းအီရတ်တို့ကတောင်းဆိုလာသည်။ဘုရှ်အစိုးရအတွက် သက်တမ်းကုန်ဆုံးတော့မည့်နောက်ဆုံး သီတင်းပတ်များအရောက်တွင် အီရတ်တို့နှင့် သဘောတူညီမှုမရနိုင်ဘဲတောင်းဆိုချက်များသာတိုးလာသည့်အခြေအနေသည်ကန်အစိုးရအတွက်သံတမန်ရေးအရ အထိနာစေသောထိုးနှက်မှုပင်ဖြစ်သည်ဟုဆိုသည်။

ယခုကဲ့သို့ လုံခြုံရေးနှင့်စပ်လျဉ်းသော သဘောတူညီချက် မရနိုင်ဘဲဖြစ်နေသော အခြေအနေသည် နိုင်ငံ၏ လုံခြုံရေးတိုးတက်မှုအတွက် အန္တရာယ်ရှိနိုင်သည်ဟု အီရတ်တွင်ရှိနေသောအမေရိကန်စစ်ခေါင်းဆောင်များက သတိပေးမှုများ ထွက်ပေါ်လာလျက်ရှိသည်။ ***အင်တာနက်။***

# ရိုတာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးကြောင့် ကလေးငယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနှုန်း ကျဆင်း

**ဝါရှင်တန် နိုဝင်ဘာ ၁**

ကလေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေတတ်သော ရိုတာဗိုင်းရပ်စ်ပိုးအားကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သည်။ ထိုကာကွယ်ဆေးထိုးမှုကြောင့် အဆိုပါရောဂါဖြင့် ဆေးရုံတက်ရောက်သူဦးရေမှာ သိသာစွာ ကျဆင်းသွားကြောင်း သိရသည်ဟု ဆရာဝန်များက စနေနေ့တွင် ပြောကြားသည်။

ကာကွယ်ဆေးမထိုးသော ကလေးငယ်များပင်လျှင် ထိုရောဂါကာကွယ်ဆေး ထိုးထားခြင်းဖြင့် ယင်းပိုးကြောင့်ရသော ရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သည်ဟု ယူဆရသည်။ကလေးငယ်များဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ပျံ့နှံ့မှုကိုလည်း လျှော့ချပေးမည့် ကာကွယ်ဆေးဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။

အဆိုပါကာကွယ်ဆေး၏ ထိရောက်အောင်မြင်မှုသတင်းကိုကြားသိရသဖြင့်ကြည်နူးရပါကြောင်းဗဟိုရောဂါကာကွယ်ရေးထိန်းချုပ်ရေးဌာနမှဂျနီဆီဝေ့ဒ်ကပြောကြားသည်။ကလေးငယ်တစ်ဝက်မျှသာ ထိုရောဂါကာကွယ်ဆေးကိုထိုးပြီးဖြစ်ကြောင်း၊ အဆိုပါကာကွယ်ဆေးကို လေ့လာဖော်ထုတ်စဉ်က ကာကွယ်ဆေးကို သုံးကြိမ်အထိ ပြီးဆုံးအောင် ထိုးထားသူ အနည်းငယ်သာ ရှိခဲ့သည်။ ယင်းကာကွယ်ဆေး၏ အာနိသင်နှင့် ပတ်သက်၍ ဝါရှင်တန်မြို့ကူးစက်ရောဂါကာကွယ်ရေးဌာနက အကျိုးရလဒ်များကို မကြာသေးမီက သတင်းထုတ်ပြန်ခဲ့သည်။

***အင်တာနက်။***



တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိဗက်ဒေသ လန်ဇီအရပ်တွင် စံချိန်တင်ရလောက်အောင် နှင်းထူထပ်စွာ ကျရောက်သည့်အတွက်လမ်းများကို မြေထိုးစက်များဖြင့် ရှင်းလင်းနေသည်ကို အောက်တိုဘာ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယဗုံးကွဲမှုတွင်ပါဝင်သည်ဟု သံသယရှိသူများကို ဖမ်းဆီး

**ဂူဝါဟာတီ နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရက်ပိုင်းအတွင်းက ဗုံးပေါက်ကွဲမှုများ အစီအရီဖြစ်ပေါ်ခဲ့သည့်အတွက် အနည်းဆုံး ၇၁ ဦးအသက်ဆုံးရှုံးခဲ့ရသည်။ ထိုအမှုနှင့်ပတ်သက်၍ သင်္ကာမကင်းဖြစ်ခံရသူ တစ်ဒါဇင်နီးပါးကို အောက်တိုဘာ ၃၁ ရက်က ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ နောက်ဆုံးဝင်ရောက်လာသော သတင်းအရ ပေါက်ကွဲမှုစုစုပေါင်းမှာ ၁၂ ခုရှိကြောင်း သိရသည်။ ယင်းအနက် ခြောက်ကြိမ်မှာ ဂူဝါဟာတီမြို့လူစည်ကားသောနေရာများတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါပေါက်ကွဲမှုများနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ကြေညာခြင်း မရှိပေ။ သို့သော် ပြည်နယ်အရာရှိများကမူယခုကိစ္စသည် အာဆွမ်လွတ်မြောက်ရေးတပ်ဦး(ယူအယ်လ်အက်ဖ်အေ) အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲသည်။ ရဲတပ်ဖွဲ့အနေဖြင့် ယခုတိုက်ခိုက်မှုသည် ဘာသာရေးအစွန်းရောက်အဖွဲ့များနှင့် ဆက်စပ်မှုရှိ၊ မရှိ ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟုဆိုသည်။ ***အင်တာနက်။***



ကွန်ဂို ဂိုမာဒေသတွင် အစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားရာ ဘေးလွတ်ရာသို့ ထွက်ပြေးကြသော ဒုက္ခသည်များကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ကွန်ဂိုအရှေ့ပိုင်းမှ အရပ်သားများသောင်းချီ၍ထွက်ပြေး

**ကာလီမင်ယိုကာ နိုဝင်ဘာ ၁**

ကွန်ဂိုနိုင်ငံမှ သောင်းကျန်းသူများသည် ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းရှိ ဂိုမာမြို့သို့ ချီတက်လာခဲ့ရာ ထိုဒေသရှိ အရပ်သားများသောင်းချီ၍ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ထိုအခြေအနေတွင် အစိုးရတပ်များသည် အရပ်သားများနှင့် အကူအညီပေးရေးအဖွဲ့ဝင်များကိုပါ ပစ်ခတ်သည့်အတွက် အခြေအနေမှာ အလွန်ရှုပ်ထွေးရုံသာမက ဆိုးရွားလှကြောင်း ကုလသမဂ္ဂ အရာရှိများက ပြောကြားသည်။

ရှုပ်ထွေးနေသော အခြေအနေအတွင်း ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့သည် ၎င်းတို့၏ မဟာမိတ်တပ်ဖွဲ့များဖြစ်သည့် အစိုးရတပ်ဖွဲ့များကိုပါ မလွှဲမရှောင်သာ၍ ပြန်လည်တိုက်ခိုက်ခဲ့ရသည်ဟုသံတမန် အာလန်ဒွေါ်စ်က ပြောကြားသည်။

ကုလသမဂ္ဂတပ်ဖွဲ့များနှင့် အစိုးရတပ်ဖွဲ့ဝင်များသည် ဂိုမာမြို့မြောက်ဘက် ၄၅မိုင်အကွာရှိ ရပ်ရှူရုမြို့သို့ ရောက်ရှိလာပြီး ၎င်းမြို့နှင့် အခြားအရေးပါသော မြို့ကြီးများကို သောင်းကျန်းသူလက်သို့ မကျရောက်စေရန် ကြိုးပမ်းမည်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ရာတွင်ကုလသမဂ္ဂမှလည်း လက်နက်အပြည့်အစုံ တပ်ဆင်ထားသော ရဟတ်ယာဉ်များဖြင့် ဂိုမာမြို့ မြောက်ဘက်မှ ခုနစ်မိုင်ဝေးသော ရပ်ရှူရုနှင့် ကာလီမင်ယိုကာ မြို့ကြီးများသို့ ကူညီရန် ရောက်ရှိလာကြောင်း ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူက အေပီသတင်းဌာနသို့ ပြောကြားသည်။

**အင်တာနက်။**

# ဗီယက်နမ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မီးလောင်မှုဖြစ်ပွား

**ဟန္နိုင်း နိုဝင်ဘာ ၁**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းမှ စီးပွားရေး အချက်အချာကျသော ဟိုချီမင်းမြို့တော်ရှိ တန်ဆွန်နေ့ာ် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ပြည်တွင်းခရီးသည် အဆောင်တွင် တနင်္လာနေ့ နံနက် ၂နာရီ မိနစ် ၅၀ အချိန်က ရုတ်တရက်မီးလောင်မှု ဖြစ်ပွားသည်ဟု ဗီယက်နမ်တောင်ပိုင်း လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းမှ ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် သေကျေပျက်စီးမှု မရှိကြောင်း၊ မီးလောင်မှု ဖြစ်ပွားချိန်တွင် လေယာဉ် အတက်အဆင်းလည်း မရှိကြောင်း ထိုကော်ပိုရေးရှင်းက ပြောကြားသည်။ ရုတ်တရက် မီးလောင်မှုကြောင့် ပြည်တွင်းခရီးသည် အဆောင်ကို ယာယီပိတ်ထားရသော်လည်း အပြည်ပြည်ဆိုင်ရာ ခရီးသည်အဆောင်ကို ပြည်တွင်း ခရီးသည်များအတွက်ပါ ပူးတွဲ တာဝန်ယူစေကာ အဆင်ပြေစေရန် တာဝန်ရှိသူများက စီစဉ်ပေးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အီရန်တွင် မူးယစ်ဆေးဝါး တန် ၃၇၀ဖမ်းဆီးရမိ

**တီဟီရန် နိုဝင်ဘာ ၁**

အီရန်နိုင်ငံသည် လွန်ခဲ့သော ခြောက်လအတွင်း မူးယစ်ဆေးဝါး တန် ၃၇၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း အီရန်မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာနချုပ်၏ အကြီးအကဲ အစ္စမေးအာမက်ဒီမော့အက်ဒန်၏ ပြောကြားချက်ကို အီရန်ရုပ်သံလိုင်း ပရက်(စ်)တီဗွီက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

အဆိုပါ သတင်းတွင် အနောက်နိုင်ငံများက အီရန်နိုင်ငံအား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကူအညီများအား ဖြတ်တောက်ရန် ကြိုးစားနေသော်လည်း အီရန်ပြည်သူတို့က မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုပ်ရှားမှုများကို တိုး၍ဆောင်ရွက်နေကြသည်ဟု ဖော်ပြထားသည်။

အာဖဂန်နစ္စတန်မှ အနောက်နိုင်ငံများသို့ မူးယစ်ဆေးဝါးမှောင်ခိုလမ်းကြောင်းပေါ်တွင် တည်ရှိနေသောအီရန်နိုင်ငံသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းများကို တိုက်ဖျက်လျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ဆိုမာလီမြောက်ပိုင်းတွင် အသေခံပုံးခွဲ၊ ၂၂ ဦး သေဆုံး ကုလသမဂ္ဂ ပူးပေါင်းအဖွဲ့အား ဦးတည်တိုက်ခိုက်ခြင်းဖြစ်

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁**

ဆိုမာလီနိုင်ငံ မြောက်ပိုင်းတွင် အောက်တိုဘာ ၂၉ ရက်က ကုလသမဂ္ဂ ပူးပေါင်းအဖွဲ့ဖြစ်သည့် အီသီယိုးပီးယားကောင်စစ်ဝန်ရုံးနှင့် အခြားနေရာသုံးခုအား ပစ်မှတ်ထားကာ အသေခံပုံးခွဲ တိုက်ခိုက်ခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

**တိုက်ဆိုင်**

အဆိုပါတိုက်ခိုက်မှုသည် ဆိုမာလီနိုင်ငံ၏ နိုင်ငံရေးပြဿနာများနှင့် စပ်လျဉ်း၍ ကင်ညာတွင် နိုင်ငံတကာ အစည်းအဝေး ကျင်းပချိန်နှင့် တိုက်ဆိုင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၂ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုငါးခုတွင် သုံးခုမှာ ဒေသဆိုင်ရာ အကြီးအကဲ၏ နေအိမ်အပါအဝင် ဆိုမာလီ ခွဲထွက်ဒေသ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပန့်ဒေသ မြောက်ဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်လင်းအရပ်ရှိ ထောက်လှမ်းရေးအဆောက်အအုံ နှစ်ခုလည်း တိုက်ခိုက်ခံရသည့်စာရင်းတွင် ပါဝင်သည်။

ပေါက်ကွဲမှုများသည် နံနက်ပိုင်း အချိန်တွင် ဖြစ်ပွားခဲ့ခြင်းသည်။

ဆိုမာလီနိုင်ငံတွင် အစ္စလာမ္မစ်စစ်သွေးကြွများအပေါ် နှိမ်နင်းရာ၌ ဗဟိုအစိုးရ၏ အားနည်းမှုကြောင့် ကုလသမဂ္ဂနှင့် အီသီယိုးပီးယားတို့မှ ပူးပေါင်းကူညီပေးလျက် ရှိသည့် အာဖရိကဦးချိုဒေသတွင် ဖြစ်ပွားလျက်ရှိသော မငြိမ်မသက်မှုများ အဆုံးသတ်ရေးအတွက် ကုလသမဂ္ဂ ဦးဆောင်၍ ကြိုးပမ်းနေချိန်တွင် ယင်းစစ်သွေးကြွများအား ယခုကဲ့သို့သော တိုက်ခိုက်မှုများ ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

**အင်တာနက်။**




ဆိုမာလီ၊ ဆိုမာလီလင်းနှင့် ပန့်လင်းဒေသများကိုဖော်ပြသော မြေပုံကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အီကွေဒေါရဲတပ်ဖွဲ့က ကိုကင်း ကီလို ၁၄၈၀ ဖမ်းဆီးမိ

**ကွစ်တို နိုဝင်ဘာ ၁**

အီကွေဒေါနိုင်ငံ ပင်မနယ်မြေမှ ကီလိုမီတာ ၁၀၀၀ ခန့်ဝေးကွာသော ဂါလာပါဂို့စ်ကျွန်းတွင် ကိုကင်းများ သယ်ဆောင်လာသူ အီကွေဒေါလူမျိုး လေးဦးထံမှ ကိုကင်းကီလို ၁၄၈၀ကို အီကွေဒေါနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့က ဖမ်းဆီးရမိကြောင်း မူးယစ်ဆေးဝါးဆန့်ကျင် တိုက်ဖျက်ရေးအဖွဲ့ဥက္ကဋ္ဌ ပရက်ဒီမာတီနက်က တနင်္လာနေ့တွင် ပြောကြားသည်။

မူးယစ်ဆေးဝါး ဖမ်းဆီးသည့် စစ်ဆင်ရေးကို မာရီမိုတိုဟုသညာပြုထားသည်။ ဖမ်းဆီးရမိသော ကိုကင်းများကို ဒိုရာဒိုနှင့်အယ်လ်ဘာကိုရာ အမည်ရှိ မော်တော်ငယ်နှစ်စင်းဖြင့် တင်ဆောင်လာခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# နိုင်ငံတကာ သတင်းများ

# သီရိလင်္ကာမြို့တော်နှင့် စစ်အခြေစိုက်စခန်းအား သောင်းကျန်းသူများက ဗုံးကြဲ

**ကိုလံဘို နိုဝင်ဘာ ၁**

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံသည် အင်္ဂါနေ့ညက တမီးလ်ကျားသူပုန်များ၏ လေကြောင်းမှဗုံးကြဲခြင်းခံရပြီးနောက် အနည်းငယ်ပျက်စီးသွားခဲ့ရသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

တမီးလ်ကျားသူပုန်များလွတ်မြောက်ရေးအဖွဲ့ (အယ်လ်တီတီအီး) သည် လေကြောင်းမှနေ၍ ကိုလံဘိုရှိ ကီလာနီတီဆာ ဓာတ်အားပေးစက်ရုံကို စတင်တိုက်ခိုက်ခဲ့ကြောင်း ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ကြောင်း၊ အဆိုပါ ဓာတ်အားပေးစက်ရုံကို တိုက်ခိုက်ပြီးနောက် မကြာမီအချိန်အတွင်းမှာပင် သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းရှိ မင်နာခရိုင်မှ တာလက်ဒီစစ်အခြေစိုက်စခန်းကို ဗုံးကြဲတိုက်ခိုက်ကြောင်း စစ်ဘက်ဆိုင်ရာမှ ပြောကြားချက်ကို ကိုးကား၍ ဒေသခံသတင်းများက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အမေရိကသို့ ကြက်ငှက်တုပ်ကွေးရောဂါပိုး သယ်ဆောင်သူ ငှက်ရိုင်းများဖြစ်ကြောင်း လေ့လာတွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

ရာသီအလိုက် ပြောင်းရွှေ့ကျက်စားလေ့ရှိသော ရေကြက်များသည် အာရှမှ အမေရိကသို့ ကြက်ငှက်တုပ်ကွေးရောဂါ သယ်ဆောင်နိုင်သည်ကို လေ့လာတွေ့ရှိရသည်ဟု အမေရိကန်သုတေသနပညာရှင်များ၏ အောက်တိုဘာ ၂၈ ရက်က တင်ပြသောစစ်တမ်းတွင် ဖော်ပြထားသည်။

အလာစကာရှိ အမြီးပန်းရောင်ရှိသော ဘဲများတွင် အသက်အန္တရာယ်ကို မထိခိုက်နိုင်သော ကြက်ငှက်တုပ်ကွေးရောဂါ ပိုးတစ်မျိုး ကူးစက်ခံနေရသည်ကို မျိုးဗီဇဆိုင်ရာ စစ်ဆေးစမ်းသပ်မှုအရ တွေ့ရှိခဲ့ရသည့်အပြင် အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် အမေရိကကြက်ငှက်မျိုးများထက် အာရှကြက်ငှက်များတွင် အဆိုပါရောဂါပိုးများကို ပိုမိုတွေ့ရှိရကြောင်း ၎င်းတို့က ဆိုသည်။

ယခင်သုတေသနပြုချက်များအရ အာရှမှ ကြက်ငှက်တုပ်ကွေးသည် မြောက်အမေရိကသို့ ကူးစက်နိုင်သည့် အခြေအနေမှာ နည်းပါးသည်ဟု ဆိုသည်။ သို့သော် ယခုနောက်ဆုံး တွေ့ရှိချက်ကြောင့် ပထမတွေ့ရှိချက်နှင့် ကွဲလွဲလျက်ရှိသည်ဟု ဇီဝဗေဒသိပ္ပံပညာရှင် ခရစ်ဖရန်ဆင်က ပြောကြားသည်။

**အင်တာနက်။**



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စစ်ဆောင်ပနားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တွင် လူတစ်ဦးနှင့်တစ်ဦးရေပက်ဖျန်းသည့် ရိုးရာပွဲ ဆင်နွှဲနေသည်ကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# သစ်ပင်စိုက်ပျိုး နှစ်ထွေအကျိုး ပွားတိုးစေ

ဝတ်ရည်ဆွေ
(တိုင်းရင်းဆေးပညာဦးစီးဌာန)

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိရာ ဝသန္တ(မိုးဥတု)သည် ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ဖြစ်ပါသည်။ မိုးဥတုလေးလအတွင်း၌ မိုးများ ပုံမှန်ရွာသွန်းခြင်း၊ အအေးဓာတ်များခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌ ရေပြည့်လျှံခြင်း၊ သစ်ပင်သစ်တောစိမ်းလန်းစိုပြည်ခြင်း စသည်တို့ကိုသဘာဝအလျောက်တွေ့ရှိရပေသည်။ မိုးဥတုသည် သစ်ပင်များ စိုက်ပျိုးရန် အကောင်းဆုံးဥတုဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး ပင်မစီးပွားရေးလုပ်ငန်းများသည်လည်း လယ်ယာကဏ္ဍထုတ်ကုန်၊ သစ်တောကဏ္ဍထုတ်ကုန်များအပေါ်တွင် အခြေပြုနေပါသည်။ နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်အတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်အကောင် အထည်ဖော်လျက် ရှိပါသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ထာဝရဇီဝိတဒါနကုသိုလ် ရရှိနိုင်ပါသည်။

မျိုးဆက်သစ်များ သစ်ပင်စိုက်ပျိုးခြင်းဓလေ့ကို ငယ်စဉ်ကပင်ရရှိစေရန် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံကျောင်းများ၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းပါဝင် စိုက်ပျိုးလျက်ရှိပါသည်။

သစ်ပင်များသည်ရာသီဥတုကို မျှတကောင်းမွန်စေပါသည်။ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေပါသည်။ လူတို့၏စိတ်နှလုံးကိုလည်း ကြည်နူးချမ်းမြေ့စေပါသည်။ သစ်ပင်နှင့်လူသတ္တဝါတို့သည် အပြန်အလှန် သဟဇာတရှိကြပါသည်။ လူသတ္တဝါများသည် အသက်ရှင်ရေးအတွက် အောက်ဆီဂျင်လိုအပ်ပြီးမလိုအပ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကိုစွန့်ပစ်ရသည်။ သစ်ပင်များ အသက်ရှင်သန်ရန်အစာချက်လုပ်ရာ၌ အောက်ဆီဂျင်ကို စွန့်ထုတ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အသုံးပြုသည်။ အစာချက်လုပ်ရာ၌ ရေငွေ့ပြန်ခြင်းဖြင့် လေထုထဲရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးထားသလို လေထုထဲရှိ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ထိန်းညှိပေးထားသည်။ ထိုကဲ့သို့ သစ်ပင်နှင့် သက်ရှိသတ္တဝါများ၏ အံ့ဩဖွယ်သဘာဝ ဆက်စပ်ပုံများကိုလည်း တွေ့ရှိရပေသည်။ သစ်တောဦးစီးဌာနမှလည်း "နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစိုပြည်စေရမည်" ဟု ကြွေးကြော်ထားသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနကလည်း ဆရာဇီဝက လက်ထက်မှစ၍ "နွယ်မြက်သစ်ပင်ဆေးဖက်ဝင်" ဆိုသည့်အတိုင်း ပြည်သူပြည်သားတို့ ကျန်းမာရေးစောင့်ရှောက်နိုင်ရေးအတွက် ပရဆေးဥယျာဉ်များ စိုက်ပျိုး၍ ဆေးဖက်ဝင်အပင်များ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

"သစ်ပင်စိုက်ပျိုးခြင်းသည် ကျန်းမာသက်ရှည် နှစ်ထွေအကျိုးပွားတိုးစေသည်"ဟူသော ဆိုရိုးစကားအရ လူတိုင်းလူတိုင်း မိမိတို့ နေအိမ်ဝန်းကျင်တွင် သစ်ပင် (စားသုံးပင်နှင့် ဆေးဖက်ဝင်အပင်) တို့ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးသင့်ပါသည်။ ထိုသို့ စိုက်ပျိုးခြင်းဖြင့် လတ်ဆတ်ပြီးအာဟာရပြည့်ဝသော အသီးအနှံများကို စားသုံးရသော အကျိုးကျေးဇူးကြောင့် ကျန်းမာရေးနှင့်ညီညွတ်၍ အသက်ရှည်စေနိုင်ပါသည်။ အသက်ရှည်ကျန်းမာ၍ အလှူဒါန ကောင်းမှုကုသိုလ်များလည်းပြုလုပ်နိုင်ပါသည်။ အိမ်တိုင်းတွင် စိုက်ပျိုးရေးပြုလုပ်ကြရာ လူကြီးသူမများက "အိမ်နောက်ဖေးဈေးဆိုင်တည်"ဟု ဆိုကြပါသည်။ သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရရှိစေနိုင်သော အကျိုးတရားများကို ထုတ်နုတ်ပြသရလျှင်-

**ကျန်းမာလိုလျှင်သစ်ပင်စိုက် - မိမိကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် လေ့ကျင့်ခန်း ပြုလုပ်သကဲ့သို့ အကျိုးရရှိနိုင်ပါသည်။**

**သက်ရှည်လိုလျှင်သစ်ပင်စိုက် - နေ့စဉ်ပုံမှန် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကျန်းမာပြီး အသက်ရှည်စေနိုင်ပါသည်။**



**ကုသိုလ်လိုလျှင် သစ်ပင်စိုက် - မိမိအိမ်ပတ်ဝန်းကျင်၌ စိုက်ပျိုးခြင်းဖြင့်ရရှိသော သစ်သီးဝလံ ပန်းမန်များအား ဦးဦးဖျားဖျား လှူဒါန်းပေးခြင်းဖြင့် ကုသိုလ်ရရှိနိုင်ပါသည်။**

**ထာဝရကုသိုလ်ပြုရန်(၆)မျိုးတွင်ပါဝင်သည့်-**

**အာရာမရောပါကုသိုလ် - ငှက်ပျော၊ ပိန္နဲ၊ မာလကာ၊သရက် စသည့် သီးပင်၊ စားပင်များ၊ စံပယ်၊ နှင်းဆီစသော ရှုခင်းအလှ ပန်းစိုက်ပျိုး၍ ကုသိုလ်ယူခြင်း။**

**ဝနရောပါကုသိုလ် - ကုက္ကို၊ မန်ကျည်း၊ ညောင်စသော အရိပ်အာဝါသမှီခိုရန် သစ်ပင်ကြီးများ စိုက်ပျိုး၍ ကုသိုလ်ယူခြင်း။**

သစ်တစ်ပင် ရှင်တစ်ပါးဟူ၍ ပေပင်စိုက်ပျိုးခြင်းသည် ရှင်တစ်ပါးပြုပေးခြင်းနှင့် ကုသိုလ်ရခြင်းဟူသောကြောင့် ပေတစ်ပင် ရှင်တစ်ပါးဟူ၍ ဆိုစမှတ်ပြုကြပါသည်။ ထိုမှတစ်ဆင့်တက်၍ ဗြဟ္မစိုရ်တရားပွားများခြင်းနှင့် သစ်ပင်စိုက်ဟူသော စကားတွင် ဆေးဖက်ဝင်အပင်များ စိုက်ပျိုးခြင်းနှင့် ဗြဟ္မစိုရ်တရား(၄)ပါးကိုပင်ပွားနိုင်ပါသည်။

**ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ်မှ ကျွန်းစိုက်ခင်းနှင့် ပျိုးပင်များ။**

ပွားများပုံမှာ ပေးကမ်းလှူဒါန်းရာ၌ မေတ္တာ၊ ဆေးဝါးလိုအပ်သူအတွက် ပေးလိုက်သည့် ကရုဏာ၊ မိမိပေးလိုက်သောဆေးပင်ကြောင့် တစ်ဖက်သားရောဂါဝေဒနာပျောက်ကင်းလျှင် မုဒိတာ၊ ၎င်းတို့ထံမှ တစ်စုံတစ်ရာ တုံ့ပြန်မှုကို မမျှော်လင့်ခြင်းသည် ဥပေက္ခာဟူ၍ ပွားနိုင်၏။

ယခုကဲ့သို့ သစ်ပင်အကျိုးတရားများကိုသိရှိပြီး သစ်ပင်စိုက်ပျိုးရာတွင် တစ်နိုင်တစ်ပိုင်မှသည် နိုင်ငံတော်အတွက်အကျိုးရှိစေမည့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခြံစည်းရိုးကြက်ဆူ၊ ကြံ၊ ပီလောပီနံများကို ဇီဝလောင်စာအဖြစ် စိုက်ပျိုးခြင်း၊ နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစိုပြည်စေရန်နှင့် စီးပွားဖြစ်စိုက်ပျိုးခြင်း၊ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် "အစာလည်းဆေး၊ ဆေးလည်းအစာ"ဟူသည့် ဆောင်ပုဒ်အတိုင်းအရိပ်ရအပင်၊ စားပင်၊ဆေးပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

---

### ☆ တပ်မတော်မှ

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မဂ်လာဒုံလေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်က တတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် ဒုတိယဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့အား တစ်ဦးချင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီရေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူးဗိုလ်မှူးချုပ်ဝင်းရှိန်က ပထမဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က နေရာအလိုက်အကောင်းဆုံးဘောလုံးသမားဆုရရှိကြသူများနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှစစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်က ပထမဆုရ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဆုဖလားနှင့်ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

AIR BAGAN OPEN GOLF CHAMPIONSHIPS

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့ကကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် AIR BAGAN OPEN GOLF CHAMPIONSHIPS ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၁၆ရက်အထိ မန္တလေးတိုင်း ပုဂံမြို့ရှိ Bagan Resort Golf Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့် ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole- In- One ဆုရရှိသူများအား သက်ဆိုင်ရာ ကျင်းများအလိုက် Sponsors များက ဆုများကို ပေးအပ်ချီးမြှင့်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် နိုဝင်ဘာ ၁၁ ရက်နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ကွင်း (၉)မိုင် ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁ နှင့် Bagan Resort Golf Club တို့၌ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

---

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အနတ္တမြင်လျှင် နိဗ္ဗာန်ဝင်" တရားတော် (ဆရာတော် အရှင်ဇဝန(မေတ္တာရှင်) |
| ၇း၅၅ - ၁း၅၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၄၅ - ၂း၄၅ | မုန်တိုင်းလွန်ကာလမြင်ကွင်းသစ်များ (ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ ဟေမာန်ကျေးရွာအုပ်စု) |
| ၈း၅၅ - ၂း၅၅ | Soccer Update |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ - ၃း၂၅ | အလှမျိုးစုံလင် တောင်လှေကားမြို့တော်တစ်ခွင် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | ကူးစက်မဟုတ်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေး (ပါမောက္ခဒေါက်တာခင်မေစန်း၊ ပါမောက္ခဒေါက်တာတင့်ဆွေလတ်၊ တွဲဖက်ပါမောက္ခဒေါက်တာစိုးဦးမောင်) |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ - ၄း၃၀ | Euro Goals |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | လက်ဖက်စိုက်တဲ့ ရွာကလေး |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ - ၅း၃၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၁၁း၄၅ - ၅း၄၅ | Activities In The City (မိုးကုတ်ဆရာတော်ကြီးဘုရားပူဇော်ပွဲအထိမ်းအမှတ်ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနား) |
| ၁၂း၀၀ - ၆း၀၀ | ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုစိန်ဝင်း) |
| ၁၂း၃၀ - ၆း၃၀ | International Video Topics (ဘဏ်ကြီးရှင်ကြွက်များ) |
| ၁၂း၅၀ - ၆း၅၀ | သေးသွယ်လှပ စတိုင်ကျ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Barclay Premier League**
ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀း၂၅ | Bolton-Man City | ESPN (Live) |

**Series A** ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Lazio-Catania | 5-Cartoons(Live) |

# တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့လည်းကောင်း၊ (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံသို့လည်းကောင်း၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ကျောင်းသို့လည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။**

ထို့အပြင်တိုင်းမှူးသည် အခြေခံ ပညာအထက်တန်းကျောင်း၌ Online စနစ်ဖြင့် နေ့စဉ်ထုတ်သတင်းစာများ ဖမ်းယူဖတ်ရှုနေမှုကို ကြည့်ရှုအားပေး သည်။ ယင်းနောက် တိုင်းမှူးသည်အမှတ် (၂)ရပ်ကွက်ဆိပ်ကမ်းရေဆင်းတံတား နှင့် မြို့အဝင်ဆိုင်းဘုတ် ဆောက်လုပ် ထားမှုနှင့် အောင်မြင်ဖြစ် ထွန်းလျက် ရှိသော မိုးစပါးစံပြ ၁၃ ဧကစိုက်ကွင်း တို့ကို သွားရောက် ကြည့်ရှု စစ်ဆေး ပြီး မြို့နယ်ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဒါန်းသော မြို့နယ်စာကြည့်တိုက်အတွက်စာအုပ် စာစောင်များကို တိုင်းမှူး ဗိုလ်မှူး ချုပ်ဝင်းမြင့်က မြို့နယ် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်အားလည်းကောင်း၊လက် ဆောင်ပစ္စည်းများနှင့် အားကစား ပစ္စည်းများကို တာဝန်ရှိသူများအား လည်းကောင်း ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ သည် ကိုကိုးကျွန်းမြို့နယ် ဆက်သွယ် ရေးစခန်းသို့ ရောက်ရှိပြီး စခန်း တာဝန်ခံ ဦးအောင်နိုင်က PAC, GOS System များဖြင့် ဆက်သွယ် ဆောင်ရွက်ထားရှိမှု၊ ဂြိုဟ်တုဖုန်း စနစ်များကိုရှင်းလင်းတင်ပြရာတိုင်းမှူး က လိုအပ်သည်များကို မှာကြား ဖြည့် ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ သည် မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိ ၍ ကြည့်ရှုစစ်ဆေးပြီး ရန်ကုန် မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ကာ 150 KVA စက်ဒါ တစ်လုံးနှင့် 75KVA အရန်တစ်လုံး တို့ဖြင့် လျှပ်စစ်ဓာတ်အားပေးနေမှု နှင့် အုန်းလက် လောင်စာသုံး လျှပ်စစ် ဓာတ်အားပေးစက်တို့ကို လည်း ကောင်း၊ ဧကပေ ၁၈၀ ကျယ်ဝန်းပြီး ရေဂါလန် ၄၉ သန်းဆံ့ ကိုကိုးကျွန်း ရေလှောင်တမံကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကိုကိုးကျွန်း မြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး စံပြ ၁၃ ဧက စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





## အောင်ဘာလေထီ ကံထူးရှင်များ ထွက်ပေါ်

**ရန်ကုန် နိုဝင်ဘာ ၁**

(၂၃၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျပ်သိန်း ၅၀၀ ဆု**
မ-၂၉၈၄၁၁

**ကျပ်သိန်း ၃၀၀ဆုများ**
ဇ-၈၆၁၄၅၄
ပ-၈၀၂၄၅၉

**ကျပ်သိန်း ၂၀၀ ဆုများ**
လ-၉၈၀၂၁၇
လ-၈၄၀၉၉၄
ဒ-၄၀၇၉၆၅
ဒ-၈၇၁၈၅၃

**ကျပ်သိန်း ၁၀၀ ဆုများ**
ဇ-၂၄၈၂၄၃
ဂ-၂၅၉၁၉၄
ကက-၅၅၉၉၇၂
ဟ-၇၄၆၆၉၄
ဍ-၄၇၈၈၈၆
င-၄၇၀၄၄၈
ကက-၈၁၉၉၀၁
ဠ-၇၈၄၄၃၂
သ-၇၀၀၉၂၄
ဗ-၄၇၁၂၉၉
ဒ-၄၀၀၄၉၀
ဝ-၆၀၅၅၇၇
ဘ-၁၇၇၀၁၉
ကက-၁၄၃၉၀၈
လ-၅၃၄၂၇၅
ဂ-၁၁၇၁၃၄
အ-၄၂၉၃၁၀
ဏ-၈၂၈၀၈၀
ပ-၉၆၂၆၂၂
ဂ-၆၆၄၁၅၀

**ကျပ်သိန်း ၁၀၀ (မင်္ဂလာစုံတွဲ)ဆုများ**
င-၈၆၈၉၆၃
ဏ-၁၆၅၆၇၈

ဘ-၃၉၁၄၇၇
ဟ-၁၁၁၃၃၄
န-၆၆၄၆၄၅
ဠ-၂၁၂၁၀၃
ကဂ-၅၈၂၅၁၉
တ-၈၅၅၆၈၂
ဟ-၅၅၁၉၃၀
ကက-၈၄၀၈၇၁
ဍ-၁၀၅၀၈၀
ယ-၂၁၆၈၁၆
ဋ-၈၀၅၃၆၇
ယ-၂၃၄၄၃၅
ဠ-၅၀၄၂၉၈
ပ-၅၈၇၆၅၂
ဂ-၁၄၅၉၂၂
ခ-၆၁၁၆၁၉

## စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၃)(နေပြည်တော်)ဆိုင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၃) (နေပြည်တော်)ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်-တောင်ညို ကားလမ်းမပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၃) (နေပြည်တော်) ဆိုင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (စွမ်းအင်)






ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ညွှန်ကြားရေးမှူး (ရောင်းချ ရေး) ဦးလှမြင့်မောင်က စက်သုံးဆီ အရောင်းဆိုင်နှင့် ပတ်သက်သည်များ ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ် သန်းဌေးနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က စက်သုံးဆီ အရောင်းဆိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ က စက်သုံးဆီအရောင်းဆိုင် ဆိုင်း ဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။ ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော် များသည် စက်သုံးဆီအရောင်းဆိုင် အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ စက်သုံးဆီအရောင်းဆိုင်မှ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ အောက်တိန်းနှင့် 92Ronစက်သုံးဆီလေးမျိုးကိုရောင်းချ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကား ၁၆ စီးတစ်ပြိုင်တည်းဖြည့်တင်း ပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ချစ်သူ ကဝေမလေး
၁း၅၀ ၅။ အမျိုးသားရေး တေးကဗျာ
၁း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၂၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေး တေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ မိုးကုတ်ဆရာတော်ကြီး ၏ထေရုပ္ပတ္တိ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -လေကြောင်းမြို့တော် (အပိုင်း-၁၀)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

## မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ စာအုပ် ထုတ်ဝေဖြန့်ချိ




**ရန်ကုန် နိုဝင်ဘာ ၁**

နီမင်းဆွေရေးသားသည့် မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ စာအုပ် ကို ရွှေပြည်စိုးစာပေတိုက်က ဖြန့်ချိလိုက်သည်။ The Live News ဂျာနယ်တွင် အပတ်စဉ်ဖော်ပြခဲ့သော ‘ကွယ်လွန်ကြသူများ’ ‘ဘေဘဲလ်’နှင့် ‘မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ’ ရုပ်ရှင်ဆောင်းပါး (၂၂)ပုဒ်ပါရှိသည်။

တိုက်လေယာဉ်များ လေထဲတွင် ထွေးလုံးရစ်ပတ်တိုက်ခိုက်တတ်အောင် လေ့ကျင့်သင်ကြားပေးသည့် သင်တန်းကျောင်းများအကြောင်း၊ သာမန်အား ဖြင့် ပြေးလမ်းအရှည် ပေ (၁၀၀၀၀) အထက်ရှိသည့် လေယာဉ်ကွင်းများတွင် သာ တက်ဆင်းနိုင်သော တိုက်လေယာဉ်များကို ပြေးလမ်းအရှည်ပေ (၃၀၀) သာရှိသည့် လေယာဉ်တင်သင်္ဘောပေါ်တွင် စက္ကန့် ၂၀ လျှင် တစ်စင်းနှုန်း တက်ဆင်းနိုင်အောင် တီထွင်ထားသည့် နည်းပညာများအကြောင်း၊ မည်သည့် အခါမှ မနစ်မြုပ်နိုင်သည့် လေယာဉ်တင်သင်္ဘောကြီးတစ်စင်းကို ဂျပန်များ ပိုင်ဆိုင်ထားပုံအကြောင်း၊ တိုက်လေယာဉ်မှူးများအတွက် သတ္တိဆိုတာ မလိုအပ်ပါဘူးဟု ထုတ်ဖော်ပြောဆိုသည့် ရုရှားလေတပ်ဗိုလ်ချုပ်ကြီး၏ အယူအဆများအကြောင်း၊ အာကာသထဲတွင် ခေတ္တခဏတွေ့ဆုံကြစဉ် ရုရှားဂြိုဟ်တုနှင့် အမေရိကန်ဂြိုဟ်တုတို့ ဂျာမန်ဘာသာဖြင့် အလာပသလ္လာပ စကားများပြောနေကြသည့် ကာတွန်း၏ နောက်ခံသမိုင်း များအကြောင်း၊ မဟာမိတ်များ ၉ လကြာအောင်ဖော်မှပေါ်သည့် ဝှက်စာကို ဂျာမန်တို့ မည်သည့်နည်းပညာဖြင့် တီထွင်ထားခဲ့ကြကြောင်း၊ ကမ္ဘာပေါ်တွင် မိုးရေချိန်အများဆုံးဖြစ်သည့် တစ်နှစ်လက်မ(၅၀၀) မှ (၁၀၄၂) လက်မ အထိ ရွာလေ့ရှိသည့် မြို့လေးတစ်မြို့မှ လူများ နွေရာသီတွင် လေးမိုင်ခန့်ဝေးသည့်အရပ်ဒေသထိ အဘယ်ကြောင့် ခြေကျင်လျှောက်ပြီး ရေသွားခပ်နေကြရကြောင်း၊ ကာမိကာဇီနှင့် ဟာရာကီရိအကြောင်း၊ တစ်ရက်တည်းသာ တိုက်ရ သော်လည်း စစ်ဆင်သည့်ဘက်မှ (၉၉)ယောက် ရှုံးသွားရသည့် တိုက်ပွဲအကြောင်း စသည်များ ပါဝင်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းဒေသ

**သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ - လှမိုး**

**မိမိတို့လိုက်ပါလာသော မော်တော်ယာဉ်သည် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းဒေသသို့ ဦးတည်လျက်ရှိသည်။ ညီညာပြန့်ပြူးသောကတ္တရာလမ်းမကြီးကြောင့် ခရီးသွားလာရသည်မှာ သက်သောင့်သက်သာရှိလှသည်။**



ဆည်မြောင်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်ရှင်းလင်းပြောကြားစဉ်။



ရွှေဂွန်းရွာမှ ဦးထွန်းမွေး ရှင်းပြစဉ်။

ယခင်ကဆိုမူ ဤဒေသသို့ သံလွင်မြစ်မှတစ်ဆင့် ရေလမ်းသက်သက်ဖြင့်သာ သွားလာနိုင်ပြီး အန္တရာယ်ကလည်း ကြီးမားလှပါဘိ။

ယခုမူ အရှည် ၄၂ မိုင်ရှိ သစ္စာလမ်းမကြီး၏ ကျေးဇူးကြောင့် လိုရာခရီးကို ဘေးမသီရန်မခ နေ့ချင်းပေါက် သွားလာနိုင်ရုံမက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးတို့ပါ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပေပြီ။

လမ်းဘေး ဝဲယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများ၊ မြေပဲနှင့် ပဲပုပ်ခင်းများ၊ ကျွန်း၊ ရော်ဘာစိုက်ခင်းတို့ကား နောက်ခံ တောင်စဉ်တောင်တန်းတို့ဖြင့် ပန်းရလျက်။ ဤဒေသတွင် အထူးသဖြင့် မြေပဲနှင့် ကြံစိုက်ခင်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ မြေပဲအထွက်နှုန်းအနေဖြင့် ၂၀၀၆ ခုနှစ်တွင် တောင်သူဦးအုန်းတင် စိုက်ခင်း၌ တစ်ဧက ၁၂၅ တင်း ထွက်ရှိသဖြင့် FAO ဆုပင် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဆည်မြောင်းဦးစီးဌာနသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း သံလွင်မြစ်အထက်ပိုင်း၌ နုန်းသွင်းတူးမြောင်းသစ် ခြောက်ခု၊ သံလွင်မြစ်နှင့် ဂျိုင်းမြစ်အောက်ပိုင်းတို့၌ ရေနုတ်မြောင်းသစ်ခုနစ်ခု၊ မြောင်းဟောင်းပြန်လည်တူးဖော်မှု ခြောက်ခုတို့ကို ဆောင်ရွက်ပေးခဲ့မှုကြောင့် သံလွင်မြစ်မှ နုန်းများရရှိပြီး ဆောင်းသီးနှံမြေပဲနှင့် ပဲမျိုးစုံ၊ နွေစပါးနှင့် မိုးစပါးများ၏ အောင်မြင်ဖြစ်ထွန်းမှုကို ပိုမိုအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ရွှေဂွန်းဒေသသည်လည်း နုန်းသွင်းမြောင်းမှ နုန်းများရရှိမှုကြောင့် မြေပဲတစ်ဧက ပျမ်းမျှ တင်း ၁၂၀ ခန့် ထွက်ရှိခဲ့ပြီး တောင်သူ ဦးစိမ်းရွှေ၏ စိုက်ခင်းတွင် မနှစ်က မြေပဲတစ်ဧက ၁၅၄ တင်း ထွက်ရှိခဲ့ပေသည်။ ယခုနှစ်တွင် လှိုင်းဘွဲ့မြို့နယ်အနေဖြင့် မြေပဲဧက ၆၀၀၀ ကျော် စိုက်ပျိုးရန် လျာထားလျက်ရှိသည်။

ကရင်ပြည်နယ် ဆည်မြောင်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်က “ကရင်ပြည်နယ်အတွင်းမှာ ဆည်မြောင်းရေလှောင်တမံ ထိန်းသိမ်းရေးလုပ်ငန်း ၂၅ ခု၊ ကျေးရွာဆည်မြောင်းလုပ်ငန်း ၇၈ခု ရှိပါတယ်။ အခုဒေသအားလုံးနီးပါး အေးချမ်း သာယာလာပြီဖြစ်လို့ စိုက်ပျိုးရေးကို အထောက်အကူပြုတဲ့ ရေရရှိရေး လုပ်ငန်းများကို စီမံကိန်းအလိုက် အကောင်အထည်ဖော်နေပါတယ်။ စိန်ပန်းမြိုင် ရေလှောင်တမံဆိုရင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသအတွက် သောက်သုံးရေရရှိရေးကိုပါ အထောက်အကူပြုတဲ့ လုပ်ငန်းဖြစ်ပါတယ်။ လှိုင်းဘွဲ့မြို့နယ် တီလုံကျေးရွာအနီးမှာ တည်ဆောက်ဆဲဖြစ်သော ရေဘုတ်ရေလှောင်တမံစီမံကိန်းက မိုးစပါး၊ နွေစပါး စိုက်ပျိုးဧက ၃၀၀၀ ကျော်၊ အလားတူ ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသမှာ စူးစမ်းလေ့လာ ဆောင်ရွက်နေတဲ့ နဘူးနဲ့ ပတ ရေလှောင်တမံစီမံကိန်းက စိုက်ပျိုးဧက ၁၀၀၀၀ အပြင် ရေအားလျှပ်စစ် နှစ်မဂ္ဂါဝပ်ပါ အသုံးပြုနိုင်ပါလိမ့်မယ်။



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်း အထက်တန်းကျောင်းအား တွေ့ရစဉ်။

“ရွှေဂွန်းဒေသဟာဆိုရင် ယခင်က မိုးတွင်းမှာ ရေဖုံးလွှမ်းပြီး မိုးရာသီကုန်ဆုံးရင် ရေပျောက်တဲ့ ဒေသဖြစ်ပါတယ်။ အခုဆို အင်းနို့သိပ္ပံ၊ တကူဆိပ်၊ ကမ်းနီ၊ ရွှေဂွန်း နုန်းသွင်း တူးမြောင်းများကြောင့် မြေပဲ၊ ပဲပုပ်၊ ပဲလွမ်းများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်တော့မှာဖြစ်ပါတယ်။

မနှစ်က ရွှေဂွန်းနုန်းသွင်း တူးမြောင်းမှာ အင်းအတွင်း ဧက ၃၀၀ခန့် နုန်း ၂ပေ ၆လက်မ တက်ခဲ့လို့ အင်းဘေးမှာ မြေပဲ၊ အင်းအလယ်မှာ ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သလို အင်းနို့သိပ္ပံ နုန်းသွင်း တူးမြောင်းမှာလည်း တူးမြောင်း ထိပ်ပိုင်း ဧက ၇၀ ခန့်မှာ နုန်း သုံးပေ တက်ခဲ့လို့ ပဲပုပ်နဲ့ပဲလွမ်း တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။



**ကြံစိုက်ခင်း**

လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းရှိ ကြံစိုက်ခင်းအား တွေ့ရစဉ်။

မြေပဲစိုက်ဧက ပိုမိုအောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ ယခင်က ကျွဲ၊ နွား၊ စက်နှင့် ထွန်ယက်ရာမှ ယခု ဒေသထုတ်မျိုးစေ့ချ ကိရိယာကိုပါ တွဲဖက်အသုံးပြုခဲ့၍ ပိုမိုတွင်ကျယ် ခရီးရောက်ခဲ့ပေသည်။

ဒေသထုတ် မျိုးစေ့ချကိရိယာကို တီထွင်ခဲ့သူ ဦးထွန်းမွေးက “နွားနဲ့ထွန်တာထက် ပိုပြီး ခရီးရောက်ပါတယ်၊ နွားနဲ့ဆို တစ်နေ့ကို တစ်ဧကပဲ လုပ်နိုင်တဲ့နေရာမှာ အခုဆို တစ်နေ့ကို သုံးဧကလုပ်နိုင်လာပါတယ်။ တစ်ထယ်သွားနဲ့ နှစ်ထယ်သွားထုတ်လုပ်ထားပါတယ်။ ပထမတော့ လာအပ်တဲ့သူက စမ်းပြီး တစ်ထယ်သွားလာအပ်လို့ လုပ်ပြီး ရုံရှေ့မှာထားတာ တောင်သူကြီးတစ်ယောက်က သုံးထယ်လုပ်လို့ မရဘူးလားဆိုတော့ ကျွန်တော်စမ်းလုပ်ခဲ့တာပါ။ လေးထယ်အထိပါ လုပ်လို့ရပါတယ်။ အစိပ်၊ အကျဲ လုပ်လို့ရအောင် နှစ်ထယ်ပါ အရှင်လုပ်ထားပါတယ်၊ အခြားစက်တွေကို ဖြုတ်ကြည့်တတ်ကြည့်ပြီး စဉ်းစားပြီး လုပ်ကြည့်တာပါ။”

ရွှေဂွန်းဒေသတွင် မြေပဲအပြင် ကြံစိုက်ပျိုးမှုမှာလည်း များစွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ရွှေဂွန်း ဒေသတွင် ကြံစိုက်ဧက ၂၆၁၅ ဧကရှိပြီး လှိုင်းဘွဲ့မြို့နယ်အနေဖြင့် ကြံစိုက်ဧက ၄၄၅၀ လျာထားသည့်အနက် ဧက ၄၅၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် သံလွင်မြစ်မှ နုန်းများ ဝင်ရောက်မှု၊ အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးမှုတို့ကြောင့် မြို့နယ်အတွင်း တစ်ဧကပျမ်းမျှ ၂၅တန်မျှ ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ သို့မို့ကြောင့် မြိုင်ကြီးငူဒေသတွင် ပေါင်းသကြားချက် စက်ရုံငယ်ဖြင့် ကြံသကာများ ထုတ်ယူလျက်ရှိရာမှ ကြံကိုအသုံးပြုသော အီသနော စက်ရုံ တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တည်ငြိမ်အေးချမ်းသာယာလာသည်နှင့်အမျှ ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုက တစ်ရှိန်ထိုး ပြောင်းလဲလာလျက်ရှိပေပြီ။ မြဝတီမြို့၌လည်း အစေ့ထုတ်ပြောင်းကို အသုံးပြုသော အီသနောစက်ရုံ တည်ဆောက်ရန် စီမံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိမိတို့သည် ရွှေဂွန်းဒေသ အတွင်း ဆက်လက်လှည့်လည်လေ့လာခဲ့ရာ စပါးခွံသုံးမီးစက်များ၊ တိုက်တာအဆောက်အအုံများ၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းတို့ဖြင့် မြို့ဥပမိရုပ်နှင့်အညီ ခန့်ထည်လျက်ရှိသည်ကို တွေ့ရ၏။

ရွှေဂွန်း အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းအင်္ဂါရပ်နှင့်အညီ ထည်ဝါလျက်ရှိရုံမက ပြီးခဲ့သည့် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် ၇၄ ဒသမ ၈၂ ရာခိုင်နှုန်း ရရှိခဲ့၍ ပြည်နယ်အတွင်း အောင်ချက်အမြင့်မားဆုံးကျောင်းအဖြစ် ပထမဆုရခဲ့ကြောင်း သိရသည်။

ပြည်နယ်၏ ဤအခြေခံကောင်းများ၊ ရလဒ်ကောင်းများကား မည်သည်ကို အကြောင်းပြု၍ ဤသို့ ပေါ်ပေါက်လာရသည်။ မည်သည့် အကြောင်းအမှန်ကို အစပြု၍ ဤသို့ အကျိုး ဖြစ်ထွန်းလာရသည်တို့ကို စာဖတ်သူများအား ပဟေဠိပုစ္ဆာ တစ်ပုဒ်အဖြစ် မေးခွန်းထုတ်လိုက်ချင်ပါတော့သည်။ ။



လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းရှိ ပဲပုပ်စိုက်ခင်းအား တွေ့ရစဉ်။



လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းရှိ မြေပဲစိုက်ခင်းအား တွေ့ရစဉ်။

**တည်ငြိမ်အေးချမ်း သာယာ လာသည်နှင့်အမျှ ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုက တစ်ရှိန်ထိုး ပြောင်းလဲလာလျက်ရှိ မြဝတီမြို့၌လည်း အစေ့ထုတ် ပြောင်းကို အသုံးပြုသော အီသနော စက်ရုံ တည် ဆောက် ရန် စီမံ ဆောင်ရွက်လျက်ရှိ။**



လေ့လာခဲ့ရာ စပါးခွဲသုံးမီးစက်များ၊ တိုက်တာအဆောက်အအုံများ၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းတို့ဖြင့် မြို့ဥပမိရုပ်နှင့်အညီ ခန့်ထည်လျက်ရှိသည်ကို တွေ့ရ၏။

ရွှေဝွန်း အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းအင်္ဂါရပ်နှင့်အညီ ထည်ဝါလျက်ရှိရုံမက ပြီးခဲ့သည့် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် ၇၄ ဒသမ ၈၂ ရာခိုင်နှုန်း ရရှိခဲ့၍ ပြည်နယ်အတွင်း အောင်ချက်အမြင့်မားဆုံးကျောင်းအဖြစ် ပထမဆုရခဲ့ကြောင်း သိရသည်။

ပြည်နယ်၏ ဤအခြေခံကောင်းများ၊ ရလဒ်ကောင်းများကား မည်သည်ကို အကြောင်းပြု၍ ဤသို့ ပေါ်ပေါက်လာရသည်။ မည်သည့် အကြောင်းအမှန်ကို အစပြု၍ ဤသို့ အကျိုး ဖြစ်ထွန်းလာရသည်တို့ကို စာဖတ်သူများအား ပဟေဠိပုစ္ဆာ တစ်ပုဒ်အဖြစ် မေးခွန်းထုတ်လိုက်ချင်ပါတော့သည်။ ။

## ကြံစိုက်ခင်း

**လှိုင်းဘွဲ့မြို့နယ် ရွှေဝွန်းရှိ ကြံစိုက်ခင်းအား တွေ့ရစဉ်။**





**"ဒီအိုင်စီတီပြပွဲကို လူငယ်တွေအများဆုံး လာရောက်ကြည့်ရှုလေ့လာတာကို တွေ့ရတယ်"**

ဦးခွန်ဦး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း)

### ✧ မြန်မာနိုင်ငံမှ

ဆက်လက်ပြီး သတင်းအဖွဲ့သည် ပြခန်းများကို လေ့လာကြည့်ရှုရင်း STAR BUS Computer Sales & Services ပြခန်းသို့ ရောက်ရှိခဲ့သည်။ ပြခန်းတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများသာမက ကင်မရာပစ္စည်းမျိုးစုံကိုပါ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။ ခင်းကျင်းပြသထားသောပစ္စည်းများအနက် Toshiba (Satellite M-200) Laptop ကွန်ပျူတာကို ကြည့်ရှုမိရာ ပြခန်းမှ တာဝန်ရှိသူက "ဒီလက်ပ်တော့ ကွန်ပျူတာဟာဆိုရင် CPU အမျိုးအစား Core 2 Duo (2.66 GHz)ရှိတဲ့အတွက် အလုပ်လုပ်တဲ့အခါမှာ မြန်မြန်ဆန်ဆန်လုပ်နိုင်တယ်။ Memory 1GB ရှိပြီးတော့ Window Vista တင်ထားတဲ့အတွက် အဆင်သင့်သုံးလို့ရတယ်။ HDD-250 GB ရှိတဲ့အတွက် Data များများ သိမ်းနိုင်သလို Wifi Wireless ပါတဲ့အတွက် အင်တာနက်နဲ့လည်း ချိတ်ဆက် အသုံးပြုနိုင်ပါတယ်၊ Bluetooth ပါဝင်တဲ့အတွက် ကီးဘုတ်၊ မောက်စ်တို့ကို ကြိုးမဲ့စနစ်နဲ့ အသုံးပြုနိုင်ပါတယ်" ဟု နွေးထွေးပျူငှာစွာဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ထို့နောက် အတွင်းဘက်တွင် ခင်းကျင်းပြသထားသော Powershot A-580 ဒီဂျစ်တယ်ကင်မရာကို သွားရောက်ကြည့်ရှုမိရာ" ဒီကင်မရာဟာ 8.0 Megapixels ရှိပြီးတော့ Zoom ကို လေးဆထိ ချဲ့လို့ရတယ်။ ပုံထွက်လည်း ကြည်လင်ပြတ်သားမှုရှိတယ်။ သေးငယ်ပေါ့ပါးတဲ့အတွက် မိသားစုသုံး၊ အပျော်တမ်းသုံးအတွက် သင့်တော်တယ်၊ ဈေးကိုလည်း အတတ်နိုင်ဆုံး လျှော့ပေးထားပါတယ်" ဟု ကြည့်ရှုသူဝယ်ချင်လာအောင် ပြောပြအပြီး ပြခန်းအတွင်းမှ ပြန်ထွက်မည်အပြု "အစ်ကို အခုမဝယ်နိုင်သေးရင်လည်း ကျွန်တော်တို့ STAR BUS Computer Sales & Services ဆိုင်ကို ဗိုလ်အောင်ကျော်လမ်း အပေါ်ဘလောက် အမှတ် ၃၇၉/၂၈၃ ကျောက်တံတားမြို့နယ်မှာ ဖွင့်လှစ်ထားပါတယ်။ ဖုန်း-၀၁-၂၄၅၅၉၁၊ ၀၉-၅၆၀၁၈၂၈ တို့ကို ဆက်သွယ်လာရောက်ဝယ်ယူနိုင်ပါတယ်။ ကျွန်တော်တို့ဆိုင်မှာ ကွန်ပျူတာဆက်စပ်ပစ္စည်းမျိုးစုံကိုလည်း ဈေးနှုန်းချိုချိုသာသာနဲ့ ဝယ်ယူလို့ရအောင် ညှိနှိုင်းဆောင်ရွက်ပေးပါတယ်" ဟု ထပ်မံ၍ ဝယ်ယူသူအကြိုက် စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့သည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုရင်း ASUS ကွန်ပျူတာပြခန်းမှ မန်နေဂျာ ဒေါ်နှင်းနှင်းဝါနှင့် တွေ့ဆုံပြီး ခင်းကျင်းပြသထားမှုများကို မေးမြန်းကြည့်ရာ "ကျွန်မတို့ပြခန်းမှာ ASUS Mother board, Graphic Card, Optical Drive, LCD Monitor, Notebook, Eee PC, Edd Box တွေနဲ့ နောက်ဆုံးပေါ် SLI နည်းပညာသုံး G-70 Notebook တွေ ပြသထားပါတယ်။ ASUS အမှတ်တံဆိပ်ဟာဆိုရင် ၂၀၀၇ ခုနှစ်အထိ နိုင်ငံတကာအသိအမှတ်ပြု ဆုပေါင်း ၂၅၆၈ခု ရရှိထားတဲ့ Brand တစ်ခုဖြစ်ပြီး The world street Journal Asia မှ အရည်အသွေးနှင့် ဝန်ဆောင်မှုအပိုင်းတွင် နံပါတ်(၁)အဖြစ် သတ်မှတ်ထားပါတယ်။

ဒီပြပွဲမှာ ASUS Brand ထုတ်ကုန်ပစ္စည်းများအပြင် လက်တွေ့စမ်းသပ်မောင်းနှင်နိုင်တဲ့ ပြိုင်ကားဂိမ်းအစီအစဉ်ကိုလည်း ထည့်သွင်းထားပါတယ်။ ထူးထူးခြားခြားအနေနဲ့ ASUS ကွန်ပျူတာလက်တွေ့ကျွမ်းကျင်မှုပြိုင်ပွဲကိုလည်း ပြပွဲနောက်ဆုံးနေ့မှာ ခန်းမမြက်ခင်းပြင်တွင် ကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ပြောပြသည်။

ထို့ပြင် Epson ပြခန်းတွင် LCD ပရိုဂျက်တာများ၊ ရုံးသုံးလုပ်ငန်းသုံး Inkjet ပရင်တာများ၊ ဓာတ်ပုံပရင်တာများ၊ POS ပရင်တာများ၊ စကင်နာများ စုံလင်စွာပြသထားသည်ကို တွေ့ရသည့်အပြင် Technoland ပြခန်းတွင် နောက်ဆုံးပေါ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ နီကွန်ကင်မရာနှင့် DSLR ကင်မရာများကို ဝယ်ယူသည့်ပစ္စည်းအပေါ် မူတည်၍ အခမဲ့လက်ဆောင်ပစ္စည်းများပေး၍ ရောင်းချပေးနေကြောင်းဖြင့် နီကွန်မှ မစန်းဥမ္မာက ရှင်းပြသည်။

**STAR BUS Computer Sales & Services ပြခန်းတွင် ခင်းကျင်းပြသထားသော ကွန်ပျူတာ၊ ကင်မရာနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။**









**"အိုင်စီတီ နည်းပညာဟာ ကိုယ်တိုင်ထိတွေ့ သုံးစွဲကြည့်မှ နားလည်တတ်ကျွမ်းတာဖြစ်လို့ အခုလို ပြပွဲတွေကို လေ့လာခွင့်ရတာဟာ လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတစ်ခုပါ"**

ဒေါ်ဝါဝါထွန်း(ဥက္ကဋ္ဌ၊ ပြပွဲကျင်းပရေးကော်မတီ)

ထို့အပြင် I.C.E(Computer Centre) မှ Note Book, Personal Computer, LCD Monitor နှင့် ဆက်စပ်ပစ္စည်းများ Brand အစုံ ရောင်းချပေးနေကြောင်းလည်း သိရှိရသည်။ ထူးခြားချက်မှာ ပြပွဲခန်းမအတွင်း Brand အလိုက် နေရာလေးနေရာခွဲ၍ ရောင်းချရာ ပြပွဲအတွင်း ဝယ်ယူအားပေးကြသော Customer များအတွက် Note Book, LCD Monitor, Printer ကို ပြပွဲနောက်ဆုံးနေ့တွင် မဲဖောက်ပေးမည်ဖြစ်သည်။

အဆိုပါအိုင်စီတီပြပွဲတွင် ကုမ္ပဏီပေါင်း ၁၆၅ခုမှ ပြခန်းပေါင်း ၁၅၆ခန်းဖြင့် နိုဝင်ဘာ ၂ ရက်အထိ ပြသထားမည်ဖြစ်သည်။ နည်းပညာသစ်များ၊ ပစ္စည်းသစ်များကို လာရောက်လေ့လာသူများမှာ လူငယ်အများစုဖြစ်ကာ ကြိတ်ကြိတ်တိုး စည်ကားနေသည်ကို တွေ့ခဲ့ရသည်။ ယခုကဲ့သို့ ပြပွဲများမှတစ်ဆင့် ကွန်ပျူတာပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည့်အပြင် နည်းပညာသစ်များကို ကိုယ်တိုင်ထိတွေ့လေ့လာနိုင်ခွင့်ရရှိသည့်အတွက် သွားရောက် လေ့လာကြည့်ရှုသူများအဖို့ ICT ခေတ်တစ်ခေတ် ဆန်းသစ်လာမည်ဖြစ်ပါကြောင်း။ ။

# ပန်းတနော်အထက မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက ပဥ္စမအကြိမ်မြောက် "မြတ်ဆရာ" ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း မြတ်ဆရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ "မြတ်ဆရာ" ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုပါက ဒေါ်ချိုချို အထက၊ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၄၆-၃၀၃၈၁၊ ဒေါက်တာ အောင်ဇော်မြင့်(ရန်ကုန်မြို့) ဖုန်း-၀၉-၅၀ ၀၂၁၄၁၊ ဦးစိန်ဝင်း(မနီနီဆေးဆိုင်) ဖုန်း- ၀၄၆-၃၀၀၈၉၊ ဦးအောင်ထွန်း (အောင်သပြေကုမ္ပဏီ ရန်ကုန်) ဖုန်း-၀၁-၂၄၂၂၄၉၊ ၂၅၃၅၄၉၊ ဦးထွန်းထွန်း( ၂၉လမ်း၊ ရန်ကုန်)ဖုန်း-၀၁-၂၈၄၈၉၆၊ ဦးတင်ညွှန့် (စော်ဘွား ကြီးကုန်း) ဖုန်း-၀၁-၆၄၁၈၂၉၊ ဒေါ်မြသန်းနှင့်ညီမများ(မင်္ဂလာဈေး) ဖုန်း-၀၁-၂၀၀၀၉၆၊ ဦးမြင့်ဆွေ (ယုဇန ပလာဇာ) ဖုန်း-၀၁-၂၀၀၇၄၇(Ex ၁၄၁၀)၊ ဦးတင်စိုး(မင်္ဂလာဆေးဆိုင်) ဖုန်း-၀၄၆-၃၀၂၅၅၊ ဦးအေးမြင့် (မြတ်မင်္ဂလာ) ဖုန်း-၀၄၆-၃၀၃၆၈၊ ဦးခင်မောင်ဇော် (သတင်းထောက်) ဖုန်း-၀၄၆-၃၀၂၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မိုးရေချိန် စံချိန်သစ်

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁ ရက် မြန်မာစံတော်ချိန် ၀၉း၃၀နာရီတွင် ကျိုက္ခမီမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၃၂ မီလီမီတာ (၉ဒသမ ၁၃လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း (၂၇)နှစ်အတွင်း နိုဝင်ဘာလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော မိုးရေချိန်စံချိန်သစ်ဖြစ်ပါသည်။ ယခင်စံချိန်ဟောင်းမှာ ၁၀၉ မီလီမီတာ (၄ဒသမ ၂၉လက်မ)ဖြစ်ပြီး ၁၉၈၂ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)

**လျှပ်စစ်သုံးလျှင် သတိယှဉ်၊ ဝန်အားမမျှ မသုံးရ။**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ တေးဂီတအစီအစဉ်
၇း၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အကပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၁း၅၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း-၁၈)**
၁၂း၄၀ ၆။ Golf Magazine (TV)
၁း၀၀ ၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "မျက်ဝန်းစကား" (မင်းမော်ကွန်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မိုးအောင်)**
၂း၃၀ ၈။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၂း၄၅ ၉။ International News.
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀ ၄။ အဆိုပြိုင်ပွဲ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ(ပထမနှစ်) (ရသစာပေအရေးအသား အထူးပြု) (ရသစာပေ အရေးအသား)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀ ၇။ မူဟန်သွယ်သွယ် ဆိုကြမယ်
၅း၂၀ ၈။ အကပြိုင်ပွဲ
၅း၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ **ကာတွန်းအစီအစဉ် Pocket Dragon Adventure**
၆း၅၅ ၁၃။ **တစ်မျက်နှာတစ်ကွက်စာ "မထုံဘူး" မိုးမင်း၊ ဦးစံမတူ၊ ကြည်သာ(ပွဲကြိုက်ခင်)၊ ဒါရိုက်တာ- ကြည်သာ(ပွဲကြိုက်ခင်)**
၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ် နှောင်ကြိုး" (အပိုင်း-၁၀)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာ သတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဘူရိဒတ် ဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်း) (ပထမပိုင်း)
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ် ရှာဖွေခြင်း" (အပိုင်း-၄)**
၂၀။ အစီအစဉ်ပြီး၏။



**တည်ငြိမ်အေးချမ်းသာယာ လာသည်နှင့်အမျှ ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုက တစ်ရှိန်ထိုး ပြောင်းလဲလာလျက်ရှိ မြဝတီမြို့၌လည်း အစေ့ထုတ် ပြောင်းကို အသုံးပြုသော အီသနော စက်ရုံ တည် ဆောက် ရန် စီမံ ဆောင်ရွက်လျက်ရှိ။**

# ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဧည့်အဖွဲ့ တွေ့ဆုံ



**ရန်ကုန်　နိုဝင်ဘာ　၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့မှ Deputy Division Chief Mr. Ranil Salgado နှင့် အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ပြီး ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

## နတ်တလင်းအထက အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ပဲခူးတိုင်း နတ်တလင်းမြို့ အခြေခံပညာအထက်တန်း ကျောင်း၌ ၁၉၄၉ မှ ၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက စုပေါင်း၍ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် (၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်၊ ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ နတ်တလင်းအသင်း(ရန်ကုန်)၏ နတ်တလင်းပညာရည်ချွန် ဆုပေးပွဲကို ယင်းနေ့နံနက် ၉ နာရီတွင် လည်းကောင်း နတ်တလင်းအထက မနောဟဒယခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် ကန်တော့ခံမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်ဝင်းကြည် ဖုန်း-၀၁-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၀၁-၆၆၆၂၇၈၊ ဦးလှသန်း ဖုန်း-၀၁-၅၃၇၈၃၉၊ ဒုတိယ ဗိုလ်မှူးကြီး ခင်အောင်(ငြိမ်း) ဖုန်း-၀၁-၆၁၁၀၄၅၊ ဒုတိယရဲမှူးကြီး သိန်းထွန်း(ငြိမ်း) ဖုန်း-၀၁-၅၈၄၃၀၅၊ ဦးမြင့် (မြို့နယ်ပညာရေးမှူး-ငြိမ်း၊ နတ်တလင်းမြို့)၊ ဦးကောင်းကြီး (မြို့နယ်ပညာရေးမှူး-ငြိမ်း၊ နတ်တလင်းမြို့)၊ ဒေါ်သန်းသန်းအေး (ကျောင်းအုပ်ဆရာမကြီး၊ အထက နတ်တလင်းမြို့) ဖုန်း-၀၅၃-၃၆၀၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)



ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း GOS (Government Online System) အသုံးပြုမှုသင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(ဆက်သွယ်ရေး)

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း GOS (Government Online System) အသုံးပြုမှုသင်တန်းဆင်းပွဲသို့ တက်ရောက်

**နေပြည်တော်　နိုဝင်ဘာ　၁**

GOS (Government Online System)အသုံးပြုမှု သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းက အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ ဗဟိုရုံးများနှင့် ဝန်ကြီးဌာန ၃၇ ခုမှ သင်တန်းသား၊ သင်တန်းသူ ၇၄ဦးနှင့် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၄၁ဦး စုစုပေါင်း ၁၁၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးသတိပြု**

အင်တာနက် ကျန်းမာရေးသတင်း

## အမေရိကန် ကလေးငယ်များအတွင်း ကျောက်တည်သည့်ရောဂါ အဖြစ်များလာ

**ဘော်စတွန် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံတွင် ကလေးငယ်များအတွင်း ကျောက်ကပ်ကျောက်တည်သည့်ရောဂါ ဖြစ်ပွားမှုများပြားလာခြင်းနှင့် စပ်လျဉ်း၍ မိဘများစိုးရိမ်ပူပန်လျက်ရှိကြကြောင်း အောက်တိုဘာ၃၀ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကျောက်ကပ် ကျောက်တည်မှုသည်တစ်ချိန်တစ်ခါကသက်လတ်ပိုင်း အရွယ်ရှိသူများသာ ဖြစ်ပွားလေ့ရှိခဲ့သော်လည်း ယခုအခါ အသက်ငါးနှစ်နှင့် ခြောက်နှစ်အထိ ငယ်ရွယ်နုနယ်သော ကလေးများပါ တွေ့ကြုံခံစားလာရကြောင်း၊ ကလေးငယ်များအတွင်း ဆီးကျောက်တည်မှုအဖြစ်များလာခြင်းကြောင့် မိဘများမှာ အံ့သြတုန်လှုပ်ကြရကြောင်း ဟားဗတ် ဆေးကောလိပ်မှ ဆီးရောဂါဆိုင်ရာကထိကကာလက် နယ်လ်ဆင်က ပြောကြားသည်။ ကျောက်ကပ်ကျောက်တည်သည့်ရောဂါကို ကလေးငယ်များ ပိုမို ခံစားလာရခြင်းကြောင့် အမေရိကန်ရှိ ဆေးရုံအချို့နှင့် ကလေးငယ်များ ဆီးကျောက်တည်မှုကုသရေးဌာနများကိုပင် ဖွင့်လှစ်လာရကြောင်းနယ်လ်ဆင်က ပြောကြားသည်။ ၎င်းသည် ဘော်စတွန်မြို့ရှိ ကလေးဆေးရုံကြီးတွင် အသစ်ဖွင့်လှစ်လိုက်သောကလေးငယ်များကျောက်ကပ်ကျောက်တည်မှု ကုသရေးဌာန၏ တွဲဖက် ညွှန်ကြားရေးမှူးလည်းဖြစ်သည်။ ကလေးငယ်များ ဆီးကျောက်တည်သည့် ဖြစ်ရပ်များကို လွန်ခဲ့သည့် နှစ် ၃၀ခန့်က များစွာတွေ့ရခဲ့ကြောင်း၊ သို့ရာတွင် ယခုအခါကလေးငယ်များဆီးကျောက်တည်မှုနှုန်း အလွန်မြင့်မားလာသည်ကို တွေ့ရကြောင်း ၎င်းက ပြောကြားသည်။

ကလေးငယ်များ ဆီးကျောက်တည်သည့် ဖြစ်ရပ်များကို မိဘအများစုက ကြားပင်မကြားဘူးခဲ့ကြဟုထုတ်ဖော်ပြောကြားကြသည်။

ဆီးကျောက်တည်မှု၏ ရာခိုင်နှုန်း ၄၀မှ ၆၅ ရာခိုင်နှုန်းမှာ ဆီးထဲတွင် အောက်ဇာလိတ် (oxalate) ဓာတုပစ္စည်း လွန်ကဲခြင်းကြောင့်ဖြစ်သည်။ အောက်ဇာလိတ် ဓာတုပစ္စည်းသည်စားစရာအချို့၌ဘေးထွက်ပစ္စည်း တစ်မျိုးအဖြစ် ပါဝင်တတ်ပြီးဆီးထဲတွင် ထုံးဓာတ်(ကယ်လ်ဆီယမ်) အဖြစ် စုဝေးလာစေသည်။

အမေရိကန် ကလေးငယ်များအတွင်း ကျောက်ကပ် ကျောက်တည်မှု များပြားလာခြင်းမှာ ရေသောက်နည်းမှုကြောင့် ဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကလေးငယ်များသည် ကျောင်းတွင် ရေအိမ်သွားလိုခြင်း မရှိသဖြင့် ရေကိုမသောက်ဘဲနေရာမှ ကျောက်ကပ် ကျောက်တည်သည့် ဝေဒနာကို ခံစားရကြောင်း နယ်လ်ဆင်က ပြောကြားသည်။

ဘာသာပြန်-စံစံ




ကျောက်ကပ်တွင်ကျောက်တည်သည့် ရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍သရုပ်ဖော်ထားသည့်ပုံ။ (ဓာတ်ပုံ-အင်တာနက်)

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**e-Education Learning Centre သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**
**(တနင်္လာမှသောကြာ) ၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ**
**(စနေ၊ တနင်္ဂနွေ) ၈း၀၀နာရီမှ ၁၂း၃၀ နာရီထိ**

**၃-၁၁-၂၀၀၈ (တနင်္လာနေ့)**
- * ရှေးဟောင်းမြန်မာမူရင်းအရေးအသားကမ္ပည်းစာများ၏သဘောသဘာဝ
  - မဟာဝိဇ္ဇာဒုတိယနှစ်အထူးပြုသင်တန်း၊ ပါရဂူအကြိုသင်တန်း၊ ဘာသာစကားအထူးပြု သင်တန်းသားများ
- * Introduction to Linguistics
  - အင်္ဂလိပ်စာဒီပလိုမာသင်တန်းသားများ

**၄-၁၁-၂၀၀၈ (အင်္ဂါနေ့)**
- * Isostasy Continental Drift and Plate
  - တတိယနှစ်၊ နောက်ဆုံးနှစ်ဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့ကြိုသင်တန်းသားများ
- * လီဗိုလမ်း၏ အတိတ်နှင့်အနာဂတ် မျှော်လင့်ချက်များ
  - ပါရဂူဘွဲ့သင်တန်းသားများ

**၅-၁၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**
- * An Introduction to Philosophy of Religion
  - ယင်းဘာသာရပ်၏အခြေခံအချက်များကိုစိတ်ဝင်စားသူများ
- * Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)သင်တန်းသားများ

**၆-၁၁-၂၀၀၈ (ကြာသပတေးနေ့)**
- * The Nature and Scope of the Law
  - ပထမနှစ်မှနောက်ဆုံးနှစ်ဥပဒေအထူးပြုကျောင်းသား/ သူများ
- * Myanmar Agenda 21 and Myanmar United Nations Cooperation in Environmental Rehabilitation in the Dry Zone
  - မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းသားများ

**၇-၁၁-၂၀၀၈ (သောကြာနေ့)**
- * ပုဂံခေတ်ကျောက်စာ အဆောက်အအုံ(၅)ခုအနက် "နန်းဘုရား" အကြောင်း
  - ရှေးဟောင်းသုတေသနပညာအထူးပြုနှင့်စိတ်ဝင်စားသူများ
- * Some Well-Known Name Reactions For Organic Synthesis
  - မဟာသိပ္ပံနှင့်ပါရဂူဘွဲ့သင်တန်းသားများ

**၈-၁၁-၂၀၀၈(စနေနေ့)**
- * Japan's Emergence as a Super Power
  - တတိယနှစ်သမိုင်းအထူးပြု ကျောင်းသား/သူများ
- * Arab-Israeli Conflict
  - တတိယနှစ်သမိုင်းအထူးပြု ကျောင်းသား/သူများ
- * Security Council
  - တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား/သူများ
- * Criminal Law
  - တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား/သူများ
- * Study of Taxonomic Description
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား/သူများ
- * Anatomy of Dicot and Monocot Stems
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား/သူများ
- * Dispersal of Plants
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား/သူများ

**၉-၁၁-၂၀၀၈(တနင်္ဂနွေနေ့)**
- * Management Science in Decision Making
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား/သူများ
- * The Family
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား/သူများ
- * Nature of Management
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား/သူများ
- * The Jungle Cocks
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား/သူများ
- * The Stolen Letter
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား/သူများ
- * Phase Rules and Phase System
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား/သူများ
- * Coordination Chemistry
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား/သူများ

# အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက စင်ကာပူအမျိုးသမီးအသင်းကို အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲ(က) အုပ်စုပွဲစဉ်များကို ယနေ့ဒေသစံတော်ချိန် ညနေ ၆နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ယှဉ်ပြိုင် ကစားရာ မြန်မာအမျိုးသမီး အသင်းက စင်ကာပူအမျိုးသမီးအသင်းကို ၁၁ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မိုးစန္ဒာအောင်က လေးဂိုး၊ နန်းခမ်းမိုက နှစ်ဂိုး၊ ဇင်မာဝင်းက သုံးဂိုး၊ ခင်မာလင်းက တစ်ဂိုးနှင့် စုမွန်အောင်က တစ်ဂိုး စုစုပေါင်း ၁၁ဂိုး သွင်းယူခဲ့ကြသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အုပ်စု(က)တွင် သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး (၆)မှတ်ရရှိထားပြီး နိုဝင်ဘာ ၄ရက်တွင် ဂျော်ဒန်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အောက်တိုဘာ ၃၀ရက်က ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပသော ၂၀၀၈ခုနှစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကွင်းဖွင့်ဖလား ဟော်ကီပြိုင်ပွဲရှုံးထွက်ပြိုင်ပွဲတွင် လက်ရှိအမှတ်ပေးချန်ပီယံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

(ဟော်ကီအဖွဲ့ချုပ်)



# မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးဟောပြောပွဲ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ခရိုင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူး၍ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ပညာပေးဟောပြောပွဲကို အင်းစိန် အထက(၃) ခန်းမ၌ အောက်တိုဘာ ၃၁ရက် နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ(**အပေါ်ပုံ**)၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယမြို့နယ်မှူး ရဲအုပ် မြင့်ဆွေ၊ ရန်ကုန်(အနောက်)မူးယစ်အထူးအဖွဲ့မှ ရဲအုပ် ဖိုးဆယ်တို့က ပညာပေး ဟောပြောကြသည်။

ဟောပြောပွဲသို့ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (၅၄၁)

# ကမ္ဘာ့ရိုးရာဝူရှူးပြိုင်ပွဲ မြန်မာအသင်း ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ် လေးခုရရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (SHI YAN)မြို့၌ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ကမ္ဘာ့ရိုးရာဝူရှူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ဝူရှူးအသင်း အနေဖြင့် ယနေ့နံနက်ပိုင်းတွင် ပွဲစဉ်များကို ယှဉ်ပြိုင်လျက်ရှိရာ မရွှေရည်လင်းက(အရက်မူးဓား)ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ မအိမ့်မိမိက(နန်းချွမ်)နှင့်(နန်းကွန့်) ပြိုင်ပွဲများ၌ ငွေတံဆိပ်တစ်ခုစီနှင့် မောင်ဟိန်းဇော်က (မျောက်တုတ်)ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မောင်ဝေဖြိုးအောင်က (စွမ်းသောင်း)ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ် လေးခုရရှိထားပြီး ကျန်ရှိနေသော ညနေပိုင်း ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၆၉ နိုင်ငံမှ အားကစားသမား ၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၁ရက်မှ ၂ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် နိုဝင်ဘာ ၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ချင်းပြည်နယ်၊မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက္ခမီမြို့တွင် ၉ဒသမ၁၃လက်မ၊ ပေါင်မြို့တွင် ၂ဒသမ၉၅လက်မ၊ ဘားအံမြို့တွင် ၂ဒသမ၆၀လက်မ၊ ပင်လောင်းမြို့တွင် ၂ဒသမ၅၂လက်မနှင့် ထားဝယ်မြို့တွင် ၁ဒသမ၄၂လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**နိုဝင်ဘာ ၂ရက်ညနေထိ ခန့်မှန်းချက်။** ။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၁ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၃၁-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၁ဒီဂရီဖာရင်ဟိုက်) ၁-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၁-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၇ဒသမ၉ နာရီခန့် ၃၁-၁၀-၂၀၀၈

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၁-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | ၁မမ(၀ဒသမ၀၄လက်မ) |
| ၁-၁-၂၀၀၈မှ | ၂၇၅၇ မမ | ၃၀၅၅မမ | ၃၅၆၉မမ |
| ယနေ့အထိ | (၁၀၈ဒသမ ၅၄လက်မ) | (၁၂၀ဒသမ ၂၈လက်မ) | (၁၄၀ဒသမ၅၁လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၁-၁၀-၂၀၀၈ ရက် ၀၉း၃၀နာရီတွင် မြောက်ဘက်မှ တစ်နာရီလေးမိုင်နှုန်း တိုက်ခတ်သည်။

# မီးရှူး၊ မီးပန်း၊ ပြောက်အိုး သယ်ဆောင်ရောင်းချသူများကို ဖမ်းဆီးအရေးယူ

ရန်ကုန် နိုဝင်ဘာ ၁

**ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်းနှင့် မီးဒုံးများ(ရှူးဒိုင်း)ပစ်ပေါက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူး၊ မီးပန်းနှင့် မီးဒုံးများ (ရှူးဒိုင်း)များ ပစ်ပေါက်ခြင်းကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တားမြစ်ထားသည်။**





သို့ရာတွင် ပြောက်အိုးမီးရှူးမီးပန်းနှင့် မီးဒုံးများ(ရှူးဒိုင်း)များ သယ်ဆောင်ရောင်းချလျက်ရှိကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၈ ရက်တွင် အဖွဲ့များခွဲကာ စောင့်ဆိုင်းနေစဉ် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃)ရပ်ကွက် (၂၇)လမ်းနေ မြင့်ရွှေ(၃၄)နှစ် မောင်းနှင်လာသည့် ရက(ယာယီ) ၈၄၀၄၊ဂျစ်အပြာရောင် ယာဉ်နောက်ခန်းအတွင်းမှ အချက် ငါးဆယ်ထွက်၊ တစ်ထုပ်လျှင် ၁၀ချောင်းပါ မီးပန်းပြောက်အိုးအထုပ် ၅၅ထုပ်၊ အချက်ခုနစ်ဆယ်ထွက် တစ်ထုပ်လျှင် ၁၀ ချောင်းပါ မီးပန်းပြောက်အိုးအထုပ် ၂၀၊ လေးဆင့်ကွဲ ပြောက်အိုး ၈၅ ထုပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

**ပြစ်မှုကျူးလွန်သူ မြင့်ရွှေအား တွေ့ရစဉ်။**

ဆက်လက်၍ ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ကျိုက္ကဆံလမ်းမပေါ်၌ အောင်သိုက်(၂၅)နှစ် ဆိုက်ကားနင်း၊ တာမွေနေသူ နင်းလာသော ဆိုက်ကားအမှတ်-တမန/၁၆၅၈အား ရှာဖွေရာ အချက်ငါးဆယ်ထွက် တစ်ထုပ်လျှင် ၁၀ချောင်းပါ မီးပန်းပြောက်အိုး အထုပ် ၃၀၊ အချက်ခြောက်ဆယ်ထွက် တစ်ထုပ်လျှင် ၁၀ချောင်းပါ မီးပန်းပြောက်အိုး ၂၅ထုပ်တို့ကို သိမ်းဆည်းရမိသဖြင့် စစ်မေးရာ ပစ္စည်းပိုင်ရှင်မှာ ခင်မောင်(၃၄)နှစ်၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်ဖြစ်ကြောင်း သိရှိရ၍ ခင်မောင်၏နေအိမ်အား ဆက်လက်ရှာဖွေကြရာ ကြယ်မီးပန်း ၁၂ဘူး၊ ခြောက်ဆင့်အရိုးခေါင်း ပြောက်အိုး

**ပြစ်မှုကျူးလွန်သူ အောင်သိုက်နှင့် ခင်မောင်အား တွေ့ရစဉ်။**

ရှစ်ဘူး၊ ကိုရီးယားမီးပန်း အလုံး ၃၀၊ အရိုးခေါင်းပြောက်အိုး ၁၄ဘူး၊ ယမ်းစိမ်းကြိုးနှစ်ထုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

**ပြစ်မှုကျူးလွန်သူ မစန်းစန်း(ခ) ယွင်နီအားတွေ့ရစဉ်။**



အလားတူ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ရက် နံနက် ၁၁နာရီတွင် သတင်းအရ လသာမြို့နယ်(၄)ရပ်ကွက် မဟာဗန္ဓုလလမ်းနေ မစန်းစန်း(ခ) ယွင်နီ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပြောက်အိုးမျိုးစုံ ကိုးမျိုး၊ မီးရှူး ခုနစ်မျိုး စုစုပေါင်း ၁၆မျိုးအား သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ မြင့်ရွှေ၊ အောင်သိုက်၊ ခင်မောင်နှင့် မစန်းစန်း(ခ) ယွင်နီတို့အား ပန်းဘဲတန်းရဲစခန်း၊ တာမွေရဲစခန်းနှင့် လသာရဲစခန်းတို့မှ အသီးသီးအမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား

## အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်    နို၀င်ဘာ    ၁

**၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ရေလေ)ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။**

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေလေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတင်းဆောင်းပါး
ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း
သန့်ဇင်ထွန်း(ကြေးမုံ)

# မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲနေသော ICTနည်းပညာသစ်များ

## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲမှတစ်ဆင့် ထင်ဟပ်ပေါ်လွင်လာ




STAR BUS Computer Sales & Services ပြခန်းအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ရန်ကုန်    နို၀င်ဘာ    ၁

**ပြောင်းလဲတိုးတက်နေသော သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာခေတ်ကြီးတွင် ခေတ်မီဆက်သွယ်ရေး ပစ္စည်းများမှတစ်ဆင့် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို စက္ကန့်မလပ် သိရှိနေရသဖြင့် ကမ္ဘာကြီးသည် ရွာကြီးသဖွယ်ဖြစ်လာကြောင်း သုံးသပ် ပြောဆိုလာကြသည်။ ထိုကဲ့သို့သော နည်းပညာခေတ်ကြီးတွင် နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်း လိုက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများဖွဲ့စည်းခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်အဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၈)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်မှစ၍ခင်းကျင်းပြသလျက်ရှိရာ မြန်မာနိုင်ငံ၏ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ ထင်ဟပ်ပေါ်လွင်လာပေသည်။**

အဆိုပါ တိုးတက်ဖြစ်ထွန်းမှုများကို သိရှိနိုင်ရန်အတွက် မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် တပ်မတော်ခန်းမသို့ သွားရောက်လေ့လာရာ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း က "မြန်မာနိုင်ငံရဲ့ သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကအားဖြင့် နိုင်ငံတော်အစိုးရပိုင်းမှာ မျှားစွာတွင်ကျယ်လာသလိုရတနာပုံ Cyber City ကို တည်ဆောက်နိုင်ခဲ့တာကြောင့် ထူးခြားတဲ့၊ ကြီးမားတဲ့ အိုင်စီတီ ပြောင်းလဲ တိုးတက်မှု ဖြစ်လာပါတယ်။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ တစ်နိုင်ငံလုံး နည်းပညာသုံးစွဲမှုမှာလဲ နိုင်ငံတကာအဆင့်မီ ဖြစ်လာပါတယ်။ အိုင်စီတီနည်းပညာဟာ ကိုယ်တိုင် ထိတွေ့သုံးစွဲကြည့်မှ နားလည်တတ်ကျွမ်းတာဖြစ်လို့ ခုလိုပြပွဲတွေကို လေ့လာခွင့်ရတာဟာ လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတစ်ခု ပေါ်ထွက်လာတာပါ" ဟု ပြောပြသည်။

ထို့နောက် ကြေးမုံသတင်းအဖွဲ့သည် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌဦးခွန်ဦးနှင့် တွေ့ဆုံခဲ့ရာ "ဒီအိုင်စီတီပြပွဲ လာရောက်လေ့လာသူတွေကိုကြည့်မယ်ဆိုရင် ၇၀ရာခိုင်နှုန်းလောက်ဟာ အသက် ၂၀ နဲ့ ၂၅ နှစ်ကြား လူငယ်တွေ အများဆုံးလာရောက်လေ့လာတာကို တွေ့ရပါတယ်။ တကယ့်လက်တွေ့မှာလဲ လူငယ်တော်တော်များများဟာ အိုင်စီတီနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတဲ့သူတွေဖြစ်တဲ့အတွက် ဒီပြပွဲဟာ အောင်မြင်တယ်လို့ ပြောချင်ပါတယ်" ဟု ပြောကြားသွားသည်။

**စာမျက်နှာ ၉ ကော်လံ ၂ သို့ ✧**

ICT ပြပွဲ ၂၀၀၈၏ ပြခန်းများတွင် လာရောက်ကြည့်ရှုသူများနှင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

**ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အတူ တစ်နိုင်ငံလုံး နည်းပညာသုံးစွဲမှုမှာလဲ နိုင်ငံတကာအဆင့်မီ ဖြစ်လာ။ အိုင်စီတီနည်းပညာဟာ ကိုယ်တိုင် ထိတွေ့သုံးစွဲကြည့်မှ နားလည် တတ်ကျွမ်းတာဖြစ်လို့ ခုလိုပြပွဲတွေကို လေ့လာခွင့်ရတာဟာ လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတစ်ခု ပေါ်ထွက်လာတာဖြစ်။**




